mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

ယနေ့ ခေတ်မီစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက်
စီးပွားရေးကွန်ရက် မိတ်ဆက်စာအုပ်

# သူဌေးဖေဖေရဲ့ လူတိုင်းတက်သင့်တဲ့ စီးပွားရေး ပညာသင်ကျောင်း

ညီညီနိုင်

Rich Dad's

## The Business School For People Who Like Helping People

Robert T.Kiyosaki


mgyoe.com


Rich Dad's


ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ

mgyoe.com

SAMPLE BOOK
























mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး
၄၀၀၀
အုပ်ရေ
၅၀၀ အုပ်
အကြိမ်
တတိယအကြိမ်
ထုတ်ဝေသည့်အချိန်
၂၀၂၂ ခုနှစ် ဇူလိုင်
မျက်နှာဖုံး
ပန်းရွှေပြည်
ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# ညီညီနိုင်

## လူတိုင်းတက်သင့်တဲ့ စီးပွားရေးပညာသင်ကျောင်း

## The Business School For People Who Like Helping People

ROBERT T.KIYOSAKI

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းရွှေပြည်စာအုပ်တိုက်ထုတ် "ညီညီနိုင်" စာအုပ်များ

* ငါ့ဒိန်ခဲကို ဘယ်သူ နေရာပြောင်းပစ်သလဲ။
  မင်းဒိန်ခဲကို ငါ နေရာပြောင်းပစ်တယ်။
  Who moved my cheese?
  __ Dr Spencer Johnson Bristaw
  I move your cheese. __ Darrel Bovey
* ချမ်းမြေ့သာယာ မိသားစုကမ္ဘာ
  The 100 Secrets of Happy Families
  __ David Niven (Ph.D)
* ကျွမ်းကျင်တဲ့ ရင်းနှီးမြှုပ်နှံသူဖြစ်ဖို့
  Rich Dad's-Guide to Investing __ Robert T. Kiyosaki
* ဘယ်ကျောင်းမှာနေ ဘာစာတွေသင်မလဲ။
  If you want to be Rich & Happy, Don't go to school
  __ Robert T. Kiyosaki
* လူဆိုတဲ့လူ အစွမ်းအစရှိတဲ့လူ
  How to Understand Human Nature
  __ Herbert N. Casson
* မျက်နှာကဲခတ် အတတ်ပညာ
  Face Reading __ Vijay Sharma
* ပြိုင်ပွဲဝင် စီးပွားရေးသမား
  How to overcome competition __ Herbert N. Casson

mgyoe.com

.mgyoe.com SAMPLE BOOK

* စကားလက်ဆောင်
  Jokes & Quotes for Speeches __ Peter Eldin
* ကြီးပွားချမ်းသာရေး ခေတ်သစ်သိုက်စာ
  The Rules of Wealth __ Richard Templar
* ကဲ ... ဘယ်လိုဆုံးဖြတ်ကြမလဲ
  How to make Correct Decisions __ George Anderson
* အဖိုးတန်တဲ့လူ အဖိုးတန်တဲ့ဘဝ
  The Secret of Achievement __ Orison Swett Marden
* လူ့စွမ်းအားရင်းမြစ် စီမံခန့်ခွဲမှု
  Human Resource Management __ Manmohan Soshi
* စီးပွားရေးစီမံကိန်း ကကြီး ခခွေး
  Rich Dad's- The ABC's of Writing Winning Business Plans __ Garrett Sulton
* စီမံခန့်ခွဲမှုဆိုင်ရာ စကားကြီးဆယ်ခွန်း
  Management in Ten Words __ Terry Leahy's
* လူတိုင်းအတွက် အောင်စိတ်
  Six Attitudes for winners __ Norman Vicent Peale
* နန်းတွင်းပျောက်စေဆရာကြီး ရပ်စ်ပြူတင်
  Rasputin, The Holy Devil __ Rene Fulop Miller
* ဦးစီးဦးဆောင်မှုလမ်းညွှန်
  10 Minutes Guide to Leadership __ Andrew J. Dubrin

mgyoe.com

mgyoe.com SAMPLE BOOK

* ခေါင်းဆောင်မှု သဘောတရား
The Principles of Effective Leadership
__ Ng Kwee Choo

* ငါ့ပိုက်ဆံတွေ ဘယ်သူယူသွားသလဲ
Rich Dad's- Who took my money?
__ Robert T.Kiyosaki & Sharon L.Lechter

* အောင်မြင်သူတို့ဇာတ်လမ်းများ
Rich Dad's-Success Stories
__ Robert T.Kiyosaki & Sharon L.Lechter

* ငွေရှာနည်း
Rich Dad's- Cashflow Quandrant
__ Robert T. Kiyosaki & Sharon L.Lechter

* လူတွင်ကျယ်ဖို့ လူရည်လည်ဖို့
Body Language __ Allan Pease

* အငြိမ်းစားလူငယ် အငြိမ်းစားသူကြွယ်
Rich Dad's-Retire young Retier Rich
__ Robert T. Kiyosaki

* မပြောသောစကားကို နားလည်ရေး
The Secret Languages of Success __ Dr. David Lewis

* သူဌေးဖေဖေ ဆင်းရဲဖေဖေ
Rich Dad, Poor Dad __ Robert T.Kiyosaki

mgyoe.com

mgyoe.com SAMPLE BOOK

* တိမ်မြင့်စံ အတွေးများ
The Magic of Thinking Big.
___ David Joseph Schwartz (Ph.D)

* လူကျော်လူတော်များ
Biographical Roundup ___ Dale Carnegie

* ၅ မိနစ် အတ္ထုပ္ပတ္တိများ
Five Minutes Biographies ___ Dale Carnegie

* တိုးတိုးတိတ်တိတ်ဖြစ်ရပ်များ
Little known facts about well known people
___ Dale Carnegie

* ချမ်းသာတဲ့ကလေး ပါးနပ်တဲ့သူငယ်
Rich Dad's- Rich Kid, Smart Kid
___ Robert T.Kiyosaki & Sharon L. Lechter

* မိလျှံမှာ မဖြစ်ချင်ဘူးလား
Rich Dad's- Guide to Becoming Rich
___ Robert T.Kiyosaki & Sharon L. Lechter

* ချမ်းသာစေချင်လွန်းလို့ပါ
Why we want you to be rich. (Two men one message)
___ Donal J. Trump & Robert T.Kiyosaki

* လူတိုင်း တက်သင့်တဲ့ စီးပွားရေးပညာသင်ကျောင်း
Rich Dad's- The Business School for People Who like Helping People ___ Robert T. Kiyosaki

mgyoe.com

mgyoe.com SAMPLE BOOK

* ဝမရှိဘဲ ဝိလုပ်မယ်
  No Cash, No Fear __ Terry Allen
* အဆင့်မြင့် စွမ်းအားရှင်တို့၏ အမူအကျင့် ၈ ပါး
  The 8th Habit from Effectiveness To Greatness
  __ Stephen R. Covey
* သူဌေးတို့လျှောက်လမ်း
  Wink and Grow Rich __ Roger Hamilton
* စီမံခန့်ခွဲရေးဆိုင်ရာ စကားကြီးဆယ်ခွန်း
  Management in Ten Words __ Terry Leayh
* ပညာနှင့်ဘဝ အောင်မြင်ရေးလမ်းညွှန်
  How to Successd at Part-Time Study __ Fred Orr

mgyoe.com

mgyoe.com SAMPLE BOOK

## ပါဝင်သော အကြောင်းအရာများ


* စကားဦး ၇

၁။ ကွန်ရက် ၁
ကွန်ရက်ဈေးကွက်လုပ်ငန်းကို ထောက်ခံခြင်း ၁၄

၂။ ကွန်ရက် ၂
ဘဝကိုပြောင်းလဲပစ်တဲ့ စီးပွားရေးလုပ်ငန်းပညာ
ငွေမဟုတ်ပါ ၂၆

၃။ ကွန်ရက် ၃
အလုပ်ပြောင်းမယ့်အစား အကန့်ပြောင်းခြင်းရဲ့တန်ဖိုး ၆၂

၄။ ကွန်ရက် ၄
**B** စီးပွားရေးလုပ်ငန်းထဲသို့
ရျဉ်းကပ်ဝင်ရောက်ခြင်း၏တန်ဖိုး ၁၀၂

၅။ ကွန်ရက် ၅
သူဌေးများ၏ ရင်းနှီးမြှုပ်နှံမှုတွင်
ရင်းနှီးမြှုပ်နှံခြင်း၏တန်ဖိုး ၁၃၀


mgyoe.com

mgyoe.com SAMPLE BOOK

၆။ ကွန်ရက် ၆
အိပ်မက်ရှင်သန်ခြင်းရဲ့တန်ဖိုး ၁၇၃

၇။ ကွန်ရက် ၇
ကွန်ရက်လုပ်ငန်းတစ်ခုရဲ့ တန်ဖိုးဟာ ဘာလဲ ၁၈၆

၈။ ကွန်ရက် ၈
တန်ဖိုးထားမှုက တကယ်ဖြစ်မှုကို ဆုံးဖြတ်သည် ၁၉၅

၉။ ကွန်ရက် ၉
ခေါင်းဆောင်မှုတန်ဖိုး ၂၀၇

၁၀။ ကွန်ရက် ၁၀
ကွန်ရက်ဈေးကွက်လုပ်ငန်းများ
ဆက်လက်ထွန်းကားလာမည့်အကြောင်း ၂၃၈

၁၁။ ကွန်ရက် ၁၁
ကိုယ့်တာဝန်ခံကို ကစားတတ်အောင် သင်ခိုင်းပါ
ကက်ရှ်ဖလိုး ၁၀၁ နှင့် ၁၀၂ ၂၅၀

၁၂။ ကွန်ရက် ၁၂
ကမ္ဘာ့အကောင်းဆုံး စေတနာ့ဝန်ထမ်း
အကြံပေးများက လမ်းညွှန်ဖို့ အသင့်စောင့်နေတယ် ၂၅၃

mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

'သူဌေးဖေဖေ ဆင်းရဲဖေဖေ' စာစဉ်တွေရေးသူ ရောဘတ် ကီယိုဆာကီဟာ ဘက်စ်ဆဲလား ဖြစ်ခဲ့သလို၊ ငွေကြေးပညာနှင့် ပတ်သက်ပြီး ကမ္ဘာအနှံ့အသိအမှတ်ပြုခံရတဲ့ ဟောပြောရေးသမား, သင်တန်းဆရာ ဖြစ်ခဲ့ပါတယ်။

ဂျေ ပီ မော်ရင်က ဝေါလ်စထရိဂျာနယ်မှာ 'သူဌေးဖေဖေ ဆင်းရဲဖေဖေ'ဟာ 'မီလျံနာတွေ ဖတ်ရမယ့်စာအုပ်'လို့ ညွှန်းခဲ့သလို၊ ယူအက်စ်အေက တူဒေးကလည်း 'အနာဂတ်စီးပွားရေး ကောင်းမွန်လိုသူတိုင်း အစပျိုးရမယ့် နေရာပဲ'လို့ မှတ်ချက်ချခဲ့ပါတယ်။

ရောဘတ် မကြာမကြာ ပြောခဲ့တယ်။

"ကျွန်တော်တို့ဟာ ငွေအတွက် ပင်ပင်ပန်းပန်းလုပ်ဖို့ ကျောင်းတွေ သွားသင်ခဲ့ရတယ်။ ခု ကျွန်တော်က လူတွေကို သူတို့ ကိုယ်စား အပြင်းအထန် အလုပ်လုပ်ပေးမယ့်ငွေတွေ ရှိလာအောင် ဘယ်လိုလုပ်မလဲဆိုတာ စာအုပ်တွေရေးပြီး သင်ပေးနေတာပါ။ ဒါဆိုရင် ဒီမဟာကမ္ဘာကြီးက စည်းစိမ်ချမ်းသာတွေကို သူတို့ ရရှိခံစားရမှာပဲ"

ပန်းရွှေပြည် စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK



ရောဘတ်ရဲ့ စာအုပ်တွေနှင့်အတူ Cash flow 101, 202 ရယ်, ကလေးတွေအတွက် Cash flow ဂိမ်းချပ်တွေရယ် အောင်မြင်ခဲ့တာလည်း အထင်အရှားပါပဲ။

အဲ့ဒီအောင်မြင်မှုတွေရဲ့ တစ်စိတ်တစ်ပိုင်းဟာ ကွန်ရက်ဈေးကွက်လုပ်ငန်းနှင့် ရခဲ့တာလို့ ရောဘတ်က ယုံကြည်ပါတယ်။

တကယ်စင်စစ် အစကနဦးမှာ ရောဘတ်ဟာ ကွန်ရက်လုပ်ငန်းနှင့်ပတ်သက်လို့ ဘယ်အဖွဲ့အစည်းထဲကိုမျှ ဝင်ခဲ့သူမဟုတ်ပါဘူး။ ဒါပေမယ့် အဲ့ဒီ ကွန်ရက်တွေရဲ့တန်ဖိုးနှင့် သဘောတရားတွေကို ရေရေလည်လည် နားလည်ခဲ့ပါတယ်။

ဒီစာအုပ် (The Busimess School For People Who Like Helping People)မှာတော့ သူက ကွန်ရက်ဈေးကွက်လုပ်ငန်းက ပေးတဲ့အခွင့်အလမ်းတွေနှင့် အဲ့ဒီတန်ဖိုးတွေကို ထုတ်ဖော်ရေးပြထားပါတယ်။

သူက အခုလို ပြောပါသေးတယ်။

"ကွန်ရက်ဈေးကွက်ထဲ ဝင်မလာခင်ကတည်းက ချမ်းသာဖို့ မခက်ဘူးဆိုတာ ကျွန်တော် သိပြီးသားပါ။ ကျွန်တော်ဟာ စီးပွားရေးလောကမှာ နှစ်ပေါင်း ၃၀ ကျော် လှုပ်ရှားခဲ့ရာက လုပ်ငန်းကြီး ၂ ခု ဆုံးရှုံးပြီးတဲ့နောက် ငွေပညာနှင့် အတွေ့အကြုံတွေ ရင့်ကျက်ခဲ့ရသလို အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းကို ထူထောင်နိုင်ခဲ့တာပါ။ ကွန်ရက်ဈေးကွက်လုပ်ငန်းဟာ ရယ်ဒီမိတ်လုပ်ငန်းစနစ်တွေရှိထားပြီးသား လူတစ်ယောက်ရဲ့ အနာဂတ်စီးပွားလမ်းဖြောင့်ဖို့ ထိန်းကျောင်းပေးနိုင်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်တော့်သူဌေးဖေဖေ သင်ပေးခဲ့တာကတော့ 'စီးပွားရေးလောကမှာ ကွန်ရက်ဆိုတာ အစွမ်းအထက်ဆုံး စကားလုံးတစ်ခုပဲ' လို့ ဖြစ်ပါတယ်"

"ဒီကမ္ဘာမှာ အချမ်းသာဆုံးလူတွေဟာ ကွန်ရက်တွေကို ရှာဖွေကြတယ်။ ကိုယ်ပိုင် တည်ထောင်ကြတယ်။ တခြားလူတွေကတော့ အလုပ်လုပ်ဖို့သာ ရှာကြတယ်။ မင်းမှာ ထုတ်ကုန်တစ်ခု၊ ဒါမှမဟုတ် အကြီးကျယ်ဆုံး အိုင်ဒီယာတစ်ခု ရှိထားပေမယ့် လူတွေကို အသိပေးပြောကြားဖို့ ကွန်ရက်တစ်ခုမရှိရင် အောင်မြင်မှာ မဟုတ်ဘူး။ ဖြန့်ချိရေးကွန်ရက်က တစ်ဆင့်ရောင်းချနိုင်ရင်တော့ အောင်မြင်မှာ သေချာတယ်"တဲ့။

ဒီနေ့ ကွန်ရက်ဈေးကွက်လုပ်ငန်းဆိုပြီး လုပ်ကိုင်နေကြတဲ့ အဖွဲ့အစည်း အများအပြားဟာ အခိုပ္ပာယ်အကောက်လွဲတာကြောင့် 'ကွန်ရက်လုပ်ငန်း ဈေးကွက်ဖွင့်ခြင်း'ဆိုတဲ့ ဝေါဟာရနှင့် အဝေးကြီးဝေးရာကို ပြေးနေသလို ဖြစ်နေတယ်။

'ကွန်ရက်လုပ်ငန်း'ဆိုတဲ့ စကားလုံးကို 'စီးပွားရေးအောင်မြင်မှုနှင့် တကယ့်သော့ချက်'လို့ ရောဘတ်တင်စားခဲ့တာနှင့် ယှဉ်နိုင်းကြည့်ဖို့ပါပဲ။


ရောဘတ်ဟာ သူဌေးဖေဖေစာအုပ်ရဲ့ ဒုတိယအုပ်ဖြစ်တဲ့ 'သူဌေးဖေဖေရဲ့ ငွေရှာနည်း' (Cashflow Quadrant)စာအုပ်မှာ စီးပွားရေးလောကမှာ ငွေရှာတဲ့ လူ ၄ မျိုး ၄ စားရှိတာကို ဖော်ပြ


mgyoe.com

mgyoe.com SAMPLE BOOK



ခဲ့ပြီး၊ သူတို့ချင်းမှာ မတူခြားနားတဲ့ တန်ဖိုးငွေ အနိုင်အမာရှိကြောင်းလည်း တင်ပြခဲ့ပါတယ်။




E- employee (အလုပ်သမား/ဝန်ထမ်း)
S- self-employed (တပိုင်တနိုင်လုပ်သူ/ အသေးစားလုပ်ငန်းရှင်)
B- business owner (စီးပွားရေးလုပ်ငန်းရှင်ကြီး)
I- investor (ရင်းနှီးမြှုပ်နှံသူ/အရင်းရှင်) ရယ်လို့လည်း ညွှန်းဆိုခဲ့ပါတယ်။

သမားရိုးကျကျောင်းတွေဟာ ငွေရဖို့ အသည်းအသန်အလုပ်လုပ်ရတဲ့ ဘယ်ဘက်ခြမ်း အလုပ်သမားဝန်ထမ်း၊ သို့မဟုတ် တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်ဖြစ်အောင်သာ လေ့ကျင့်ပေးကြတာပါ။



mgyoe.com

mgyoe.com SAMPLE BOOK



ရောဘတ်ကီယိုဆာကီရဲ့ စာအုပ်တွေနှင့် ဂိမ်းကစားနည်းတွေကတော့ ညာဘက်ခြမ်းက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ, ရင်းနှီးမြှုပ်နှံသူတွေအဖြစ်ကို လမ်းညွှန်တွန်းပို့ပါတယ်။ ညာဘက်ခြမ်းအရ မိမိလုပ်ငန်းနှင့် ငွေတွေက မိမိအတွက်အလုပ်လုပ်ပြီး ငွေထပ်ရှာပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ ရှိနေတာကိုး။

ဒါနှင့်အမျှ အခု ကွန်ရက်က ဈေးကွက်လုပ်ငန်းဟာလည်း ညာဘက်ခြမ်းက B စီးပွားရေးလုပ်ငန်းတစ်ခု တည်ဆောက်ရာမှာ ပါဝင်တဲ့အတွက် ရောဘတ်က ထောက်ခံအားပေးခြင်း ဖြစ်ပါတယ်။

၄ ကွက်ကျားပုံစံကို လေ့လာသုံးသပ် ကြည့်မယ်ဆိုရင် လူတစ်ဦးချင်းအနေနှင့် သူတို့လုပ်တဲ့ လုပ်ငန်းတစ်ခုခုကသာ ဝင်ငွေရတာ တွေ့ရပါလိမ့်မယ်။ တစ်နည်းအားဖြင့် သူတို့ရဲ့ဝင်ငွေပမာဏဟာ ရေတွက်လို့ရတယ် ဆိုတဲ့ သဘောပါပဲ။ ဒီ့အပြင် သူတို့ရဲ့ စွမ်းအားကလည်း ကန့်သတ်ချက်ရှိနေပြီး သူတို့ရဲ့ ကိုယ်ပိုင်အချိန်ကိုပါ အသုံးပြုရတာကို ပြဆိုပါတယ်။

ညာဘက်ခြမ်းက အောင်မြင်သူတွေကတော့ သင်းဖွဲ့ပြီး လုပ်ဆောင်တတ်ကြပါတယ်။ သူတို့က အောင်မြင်ဖို့အတွက် သူတို့ပိုင် ကွန်ရက်စနစ်တွေ ချမှတ်ထားကြပါတယ်။ ဒီတော့ သူတို့ရဲ့ ဝင်ငွေပမာဏဟာ အတိုင်းအဆမသိအောင် တိုးပွားလာကြပါတယ်။ ဒါကလည်း တခြားလူတွေရဲ့ ငွေနှင့် အချိန်ကိုယူပြီး သူတို့အတွက် အလုပ်လုပ်ခိုင်းလို့ပါပဲ။




mgyoe.com

mgyoe.com SAMPLE BOOK



**အလုပ်**

တစ်ဦးချင်းဝင်ငွေ
ရရှိလို့ရ



**ကွန်ရက်**

အဖွဲ့ဖွဲ့လုပ်၍
ဝင်ငွေ မရှေရွက်နိုင်

'ကွန်ရက်လုပ်ငန်း'ဆိုတဲ့ စကားလုံးကို သုံးသပ်ကြည့်ရအောင်ပါ။

အအောင်မြင်ဆုံး စီးပွားရေးလုပ်ငန်းတချို့က သူတို့ရဲ့ သုံးစွဲသူတွေ, အရောင်းကိုယ်စားလှယ်တွေ, ကုန်ကြမ်းသွင်းသူတွေ စသဖြင့် ပါဝင်တဲ့ ကွန်ရက်ဖွဲ့စည်းမှုကို ကြည့်ရင် သူတို့ရဲ့အောင်မြင်မှုတွေကို သိသာနိုင်ပါတယ်။

တီဗီရုပ်သံလွှင့်ဌာနတွေကို ကွန်ရက်လုပ်ငန်းတွေလို့ ခေါ်နိုင်သလို၊ အင်တာနက်ကိုလည်း ကွန်ရက်လုပ်ငန်းလို့ ခေါ်နိုင်တာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK



သင်လည်း စီးပွားရေးအောင်မြင်မှုရဲ့ သော့ချက်ဖြစ်တဲ့ ကွန်ရက်တစ်ခုကို ရှာဖွေ၊ တည်ထောင်ခြင်းဖြင့် အောင်မြင်မှုကို အရယူနိုင်မှာဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



# ကွန်ရက် ၁

## ကွန်ရက်ဈေး ကွက်လုပ်ငန်း ကို ထောက်ခံခြင်း

'ခင်ဗျားကိုယ်တိုင် ကွန်ရက်ဈေးကွက်လုပ်ငန်းနှင့် ချမ်းသာလာတာ မဟုတ်ဘဲနှင့် ဒီပြင်လူတွေကို အဲ့ဒီလုပ်ငန်းထဲဝင်ဖို့ ဘာကြောင့် ထောက်ခံတိုက်တွန်းနေရတာလဲ"

ကျွန်တော့်ကို ဝိုင်းမေတာ ခံရဖူးပါတယ်။

ဒီလုပ်ငန်းမှာ သဘောကျစရာအကြောင်းတွေ အများကြီး ရှိပြီး၊ ဒီအကြောင်းတွေကို ခုစာအုပ်ငယ်မှာ ရှင်းပြထားပါတယ်။

## စိတ်တံခါး ကို ပိတ် ထားမိတယ်

လွန်ခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်များအလွန်မှာ မိတ်ဆွေတစ်ယောက်က လုပ်ငန်းသစ်တစ်ခုတည်ထောင်ရာ အစည်းအဝေးကို တက်ရောက်ပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ပုံမှန်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေကျဖြစ်သလို အခွင့်အလမ်းကောင်းကို ရှာနေတဲ့ ကျွန်တော်လည်း အစည်းအဝေးတက်ဖို့ သဘောတူလိုက်တာပေါ့။

အဲ့ဒီတွေ့ဆုံပွဲဟာ ကုမ္ပဏီရုံးတစ်ရုံးမှာမဟုတ်ဘဲ၊ ကိုယ်ပိုင်အိမ်တစ်လုံးမှာ ကျင်းပတာကြောင့် ဆန်းနေသလိုလိုပါပဲ။

ဒါဟာ ကွန်ရက်လုပ်ငန်း ဈေးကွက်လောကကို ကျွန်တော်နှင့် မိတ်ဆက်လိုက်တဲ့ပွဲလည်း ဖြစ်ပါတယ်။

၃ နာရီကြာ အစည်းအဝေးထိုင်ပြီးတဲ့နောက် ကျွန်တော့်မိတ်ဆွေက "ဘယ့်နှယ် သဘောရသလဲ"လို့ မေးပါတယ်။

ကျွန်တော်က

"စိတ်ဝင်စားစရာတော့ အကောင်းသား။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ မဟုတ်ဘူး"လို့ ဖြေခဲ့မိပါတယ်။

"ဘာဖြစ်လို့ ခင်ဗျား စိတ်မဝင်စားတာလဲ"လို့ သူက ထပ်မေးတော့ ကျွန်တော့် အဖြေက

"ကျွန်တော်က ကိုယ့်လုပ်ငန်းကိုယ်ထောင်ဖို့ အမြဲကြံနေတဲ့လူပဲ။ တခြားလူတွေနှင့် တွဲလုပ်စရာ ဘာလိုမလဲ။ ပြီးတော့ ကွန်ရက်ဈေးကွက်လုပ်ငန်းဆိုတာ ဝှက်ဖဲဆန်ပြီး တရားလည်းမဝင်ဘူးလို့ ပြောကြတာ ကြားဖူးတယ်"

မိတ်ဆွေက ဘာတစ်ခွန်းမျှ ရှေ့မဆက်ခင် ကျွန်တော့်အမှောင်ညထဲ တိုးထွက်ခဲ့ကာ ကားမောင်းပြန်ခဲ့တယ်။ ကျွန်တော့်စိတ်တွေက မကြည်တော့သလို ဘာမျှလည်း ထပ်မကြားချင်တော့ပါဘူး။



mgyoe.com

mgyoe.com SAMPLE BOOK


အဲဒီနောက် နှစ်ပေါင်းများစွာ ကြာသွားတဲ့နောက်မှ ဒီစကားတွေကို နားထောင်မိခဲ့ပြီး ကွန်ရက်လုပ်ငန်းနှင့် ပတ်သက်တဲ့ အယူအဆတွေလည်း ပြောင်းလဲသွားပါတော့တယ်။

ဟိုတစ်ချိန်ကတော့ ကျွန်တော့်ရဲ့ ပထမဆုံး နိုင်ငံတကာ စီးပွားရေးလုပ်ငန်းကို တည်ထောင်နေရသလို၊ အလုပ်တွေ နေ့မအား ညမအား ရှုပ်နေတာကလား။ ကျွန်တော်တည်ထောင်တဲ့ လုပ်ငန်းကတော့ နိုင်လွန်နှင့် ဗဲလ်ခရို ပိုက်အံ့အိတ်တွေထုတ်ပြီး ကမ္ဘာဖြန့်ဖို့ ပါပဲ။

ကွန်ရက်ဈေးကွက်ဖွင့်တဲ့ အစည်းအဝေးထိုင်ပြီး သိပ်မကြာခင်မှာပဲ ပိုက်ဆံအိတ်လုပ်ငန်းဟာ ထိုးတက်သွားပါတယ်။ ၂ နှစ်လောက် အပင်ပန်းခံကြိုးစားရကျိုး နပ်သွားတယ် ဆိုပါတော့။

အောင်မြင်မှု, ကျော်ကြားမှုနှင့်, ငွေတွေဟာ ကျွန်တော်နှင့် ပတ်တနာ ၂ ယောက်အပေါ် ရေသွန်းလောင်းလိုက်သလို သွန်ကျလာတာပေါ့။

'အသက် ၃၀ မပြည့်ခင် မီလျံနာဖြစ်ဖို့'ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် 'ပေါက်'ခဲ့တယ်လို့လည်း ဆိုရပါလိမ့်မယ်။

ကျွန်တော့်ကုမ္ပဏီနှင့် ကုန်ပစ္စည်းတွေအကြောင်း စာနယ်ဇင်းတွေမှာ တခန်းတနားတောင် ပါခဲ့သေးရဲ့။

အားကစားပစ္စည်းလောကမှာလည်း ကျွန်တော်တို့ ကုန်ပစ္စည်းအသစ်ဟာ ဦးစားပေးခံခဲ့ရပြီး တစ်ကမ္ဘာလုံးက ဝိုင်းမှာကြတာလည်း ကြုံရတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော့်ရဲ့ နိုင်ငံတကာလုပ်ငန်းဟာ ခေါင်းမော့ပြီး ရှင်သန်နိုင်ခဲ့တာနှင့်အမျှ၊ နောက်ထပ် ၁၅ နှစ်လောက် ကွန်ရက်ဈေးကွက်လုပ်ငန်းနှင့် ထပ်အဆက်ပြတ်သွားတော့တာပါပဲ။

## စိတ်
## ပြောင်း
## သွားခြင်း

၁၉၉၀ ပြည့်လွန်နှစ်ဦးပိုင်းမှာ စီးပွားရေးပညာနှင့် စီးပွားရေးအောင်မြင်မှုကွေ့ရခဲ့လို့ ကျွန်တော်လေးစားခဲ့ရတဲ့ မိတ်ဆွေတစ်ယောက်က သူဟာ ကွန်ရက်ဈေးကွက်လုပ်ငန်းထဲ ရောက်နေကြောင်း ပြောလာပါတယ်။

ဘီလ်ဟာ အိမ်မြေနှင့် အကြီးအကျယ်ချမ်းသာနေရာက ဘယ့်နှယ်ကြောင့် ကွန်ရက်ဈေးကွက် ရောက်သွားသလဲဆိုပြီး ကျွန်တော် အံ့သြသွားမိတယ်။

ကျွန်တော်က သိချင်စိတ်နှင့် ဖွင့်မေးလိုက်တဲ့အခါ၊ ဘီလ်က အားရပါးရ ဟားတိုက်ရင်း

"ကျုပ်က ငွေလုပ်ရတာ သိပ်ကြိုက်တာ ခင်ဗျားအသိပဲ။ ကျုပ်ရဲ့ လုပ်လက်စလုပ်ငန်းက ခွာနေလိုက်တာလည်း ငွေလိုအပ်လို့ပါပဲ။ ကျုပ်မှာ ငွေအရင်းအနှီးတွေက တစ်ပုံကြီး"

လွန်ခဲ့တဲ့ ၂ နှစ်အတွင်းမှာ ဘီလ်ဟာ ဒေါ်လာသန်းတစ်



mgyoe.com

mgyoe.com SAMPLE BOOK



ထောင်ကျော်တန်တဲ့ စီးပွားဖြစ် အိမ်မြေစီမံကိန်းတစ်ခု အပြီးသတ်နိုင်ခဲ့တာ ကျွန်တော် သိပြီးသား။

ဒါပေမယ့် သူ့ရဲ့ မရေရာတဲ့အဖြေက ကျွန်တော့်စိတ်ကို ဆွပေးလိုက်သလိုဖြစ်သွားလို့ သူ့ကို ထပ်မေးမိတယ်။

"ကဲပါလေ။ ခင်ဗျား ကွန်ရက်ဈေးကွက်လုပ်ငန်းထဲ ဘာဖြစ်လို့ ဝင်လာလဲ။ နားရှင်းအောင် ဖြေစမ်းပါဦး"

"အင်း။ ကွန်ရက်ဈေးကွက်ဆိုတာက သုံးစွဲသူကို တိုက်ရိုက်ဖြန့်ပေးတဲ့ လုပ်ငန်းပဲဗျ။ ကွန်ရက်ဈေးကွက် လုပ်ငန်းလို့တောင် မခေါ်သင့်တော့ဘူး"

"ဘာပြောတယ်။ ခင်ဗျားပြောသလိုဆိုရင် ဒီလုပ်ငန်းထဲမှာ လူတွေအားလုံး ပါဝင်ရာရောက်နေပြီ။ အဲဒါလည်း လင်းစမ်းပါဦး"

ဘီလ်က အချိန်အတော်ကြာ စဉ်းစားပြီး တက္ကဆက်နယ်သား ပီပီ လေသံခပ်လေးလေးဖြင့်

"လူတွေက ရင်းနှီးမြှုပ်နှံမှုကိစ္စတွေမှာ ကျုပ်ကို အကြံတောင်းခဲ့ကြတာ ကြာလှပြီ။ သူတို့က အိမ်မြေလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ပြီး ချမ်းသာတဲ့နည်းကို သိချင်ကြလို့ပေါ့။ အများစုက 'ကျွန်တော် နှင့်တွဲဖက်ပြီး ရင်းနှီးငွေထည့်လို့ ရမလား၊' ဒါမှမဟုတ် 'စရံငွေမချဘဲ အိမ်မြေဝယ်လို့ရတဲ့နည်း ရှိသလား' မေးကြတာပဲ"

"ကျွန်တော်လည်း ဒီလိုပဲ အမေးခံရပါတယ်"

"ပြဿနာက သူတို့မှာ ကျုပ်ကို လိုက်မီလောက်တဲ့ငွေ မရှိကြဘူး။ တချို့က တစ်ပြားမျှကို လက်ထဲမှာမရှိတာ"



mgyoe.com

mgyoe.com SAMPLE BOOK


"ခင်ဗျားနှင့် ဆတူ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်လောက်အောင် မချမ်းသာကြဘူးဆိုပါတော့"

"ဒီထက်ဆိုးတာက သူတို့လက်ထဲ ငွေလေးနည်းနည်းရှိတာနှင့် ကျစ်ကျစ်ပါအောင်ဆုပ်ပြီး စုထားလိုက်ကြပြီး ဒီပိုက်ဆံလေး ဆုံးသွားမှာ ကြောက်ကြတာပဲ။ ခင်ဗျားနှင့်ကျုပ် သိထားကြတဲ့အတိုင်း ရှုံးမှာကြောက်တဲ့လူဟာ ရှုံးကိုရှုံးတယ်"

ဘီလ်နှင့် ကျွန်တော် လူချင်းခွဲခဲ့ကြချိန်အထိ ကွန်ရက်ဈေးကွက်လုပ်ငန်းထဲ သူ ဘယ်လို, ဘာကြောင့်ရောက်သွားတယ်ဆိုတာ ပီပီပြင်ပြင် မဖြေသွားပါဘူး။ ဒါပေမယ့် ဒီလုပ်ငန်းကို လှည့်မကြည့်ခဲ့တဲ့ ကျွန်တော့်အဖို့ စိတ်ဝင်စားသွားခဲ့ရပါပြီ။ ကွန်ရက်ဈေးကွက်လုပ်ငန်း ('ဘီလ်အခေါ် စားသုံးသူ ဖြန့်ချိပေးတဲ့လုပ်ငန်း') ဟာ ဘယ်လိုလဲ။

နောက် လအနည်းငယ်ကြာသွားတာ ဘီလ်နှင့်ပြန်တွေ့ပြီး စကားတွေ ဆက်ပြောမိကြပါတယ်။ ဒီတွင် အဲ့ဒီလုပ်ငန်းထဲ သူ ဝင်ခဲ့ရတဲ့ အကြောင်းရင်းတွေကို တစ်စထက်တစ်စ သဘောပေါက်လာရပါတော့တယ်။ သူ့ရဲ့အခြေခံအကြောင်းပြချက်တွေက ဒီလိုပါ။

## ၁။ လူအများကို ကူညီလိုခြင်း

ဒါဟာ သူ အဲ့ဒီလုပ်ငန်းကို စတင်ခဲ့တဲ့ အဓိကအချက်ဖြစ်ပါတယ်။ သူဟာ ကျိုကျိုတက်ချမ်းသာတဲ့ သူကြွယ်ကြီးဖြစ်တဲ့


mgyoe.com

mgyoe.com SAMPLE BOOK



တိုင်အောင် လောဘသက္ကာယကြီးတဲ့လူ, မောက်မာရက်စက်တဲ့လူ မဟုတ်ပါဘူး။

## ၂။ မိမိကိုယ်မိမိ ကူညီရန်

ကံကြမ္မာရဲ့ ဖြစ်ဆန်းပုံအရ ကျွန်တော်ဟာ လူချမ်းသာအောင် ကိုယ်ပိုင်လုပ်ငန်းတွေ ထူထောင်ပေးရင်းကပဲ ကျွန်တော့်ရဲ့ မူလလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး ကိုယ်တိုင် ပိုပိုချမ်းသာလာတာပါပဲ။ ခုဆိုရင် ကျွန်တော်ဟာ စားသုံးသူဖြန့်ချိတဲ့ လုပ်ငန်းတစ်ခုကို အားသွန်ခွန်စိုက်လုပ်မိတဲ့နောက် ရင်းနှီးမြှုပ်နှံသူတွေ ပိုများလာသလို၊ ကျွန်တော်ပိုင် ရင်းနှီးမြှုပ်နှံငွေတွေ တိုးပွားလာတာ တွေ့ရတယ်။ သူရောကိုယ်ရေ အမြတ်ရပြီး ၂ ဘက် အကျိုးရှိခဲ့တယ် ဆိုပါတော့။ ဒါနှင့်အမျှ ကြီးကြီးမားမား အိမ်မြေစီမံကိန်းတွေထဲ ရင်းနှီးငွေတွေ ထည့်ဝင်နိုင်ခဲ့တယ်။ တော်ရုံတန်ရုံ အိမ်မြေလုပ်ငန်းလောက်နှင့် ကြီးပွားချမ်းသာဖို့ ခဲယဉ်းတာကတော့ အမှန်ပါပဲ။

## ၃။ ပညာသင်ပေးမှု, သင်ယူမှုကို မြတ်နိုးခြင်း

သင်ယူချင်စိတ်ရှိတဲ့လူတွေနှင့် ပူးတွဲလုပ်ကိုင်ရတာ နှစ်သက်စရာ ကောင်းပါတယ်။ အားလုံးသိ, အားလုံးတတ်ဆိုတဲ့ 'ဆရာကိုတတ်ပ'တွေနှင့် တွေ့ရင်တော့ အချိန်ကုန် လူပန်းရုံပါပဲ။ ကွန်ရက်



mgyoe.com

mgyoe.com SAMPLE BOOK


ဈေးကွက်လုပ်ငန်းထဲက လူတွေကတော့ အဖြေအသစ်အဆန်းတွေ ရှာနေကြသလို၊ သင်ယူဖို့လည်း အဆင်သင့် ဖြစ်နေကြတာကလား။ ကျွန်တော်က ပညာပေးရတာ, ပညာယူရတာ, ပညာရည် တိုးတက်ချင်သူတွေနှင့်အတူ အိုင်ဒီယာအသစ်တွေ ဝေမျှစဉ်းစားရတာကို ပျော်မိပါတယ်။ ကျွန်တော်ဟာ စာရင်းကိုင်နှင့် MBA ဘွဲ့ ရသူပါ။ ကွန်ရက်လုပ်ငန်းဟာ ကျွန်တော် တတ်သမျှမှတ်သမျှကို ပို့ချပေးခွင့်ရသလို ဒီလုပ်ငန်းမှာ တွေ့တဲ့လူဆီက ပညာသင်ယူခွင့်လည်း ရနိုင်တာဖြစ်ပါတယ်။ ပညာတတ်တွေ, ပညာရှင်တွေ အလွှာပေါင်းစုံကနေပါဝင်လာတာက အမြောက်အမြားကြီး ဖြစ်နေတော့ အံ့သြစရာကြီးပါပဲ။ ဒီ့အပြင် နကန်းတစ်လုံးတောင် မတတ်တဲ့လူတွေ အလုပ်တည်မြဲရေးထက် ငွေကြေးဖူလုံရေးကို ရှေ့တန်းတင်ပြီး ဒီလုပ်ငန်းထဲဝင်နေကြတာလည်း တစ်ပုံကြီးပေါ့။ ကျွန်တော်တို့အားလုံး လက်တွဲညီညာစုပေါင်းပြီး ဘဝရဲ့အတွေ့အကြုံနှင့် ပညာရှာပွဲကြီး ဆင်နွှဲနေတာလို့တောင် ပြောရဦးမယ်။

ပညာသင်ပေးမှုနှင့် ပညာသင်ယူမှုကို နှစ်သက်မြတ်နိုးတဲ့ ကျွန်တော်တစ်ယောက် ဒီကွန်ရက်လုပ်ငန်းကို သဘောကျမိတာဘာဆန်းလို့လဲ။ ဒါဟာ ရောမစီးပွားရေးလုပ်ငန်းကြီးဖြစ်ပြီး တကယ့်လက်တွေ့ဘဝက ကြီးကျယ်မြင့်မြတ်တဲ့ ပညာသင်ကျောင်းကြီးဆိုလည်း မမှားပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK



# ဟင်းလင်း ဖွင့်ထားတဲ့စိတ်

၁၉၀၀ ပြည့် အစောပိုင်းနှစ်များမှာ စိတ်တံခါးကို ဖွင့်ထားလိုက်ရာက ကွန်ရက်လုပ်ငန်းအပေါ်မှာ ထားရှိတဲ့ အမြင်တွေလည်း ပြောင်းသွားရပါပြီ။ မျက်နှာလွှဲထားတုန်းက မမြင်ခဲ့ရတာတွေ မြင်ခဲ့ရပြီလေ။

ဒီလုပ်ငန်းနှင့်ပတ်သက်လို့ အပျက်သဘောနှင့် မကောင်းမြင်ခဲ့ရတာတွေ လျော့ကျသွားတာနှင့်အမျှ အပြုသဘောဆောင်ပြီး ကောင်းတဲ့အမြင်တွေ များလာတယ် ဆိုရမှာပါပဲ။

ဒါတောင် တချို့ကိစ္စအတော်များများမှာ အမြင်က မသဲကွဲချင်သေးပါဘူး။

၁၉၉၄ ခုနှစ်မှာ အငြိမ်းစားယူခဲ့ပြီး အသက် ၄၇ နှစ်ရှိပြီဖြစ်တဲ့ အဲဒီအချိန်မှာ စီးပွားရေးလွတ်မြောက်မှုရခဲ့တဲ့ ကျွန်တော်ဟာ ကွန်ရက်ဈေးကွက်လုပ်ငန်းကို ထဲထဲဝင်ဝင် စူးစမ်းသုတေသနပြုမှုတွေ လုပ်ခဲ့ပါပြီ။

လူတွေက တွေ့ချင်တယ်လို့ဖိတ်ရင် ဘယ်သူ့ကိုမဆို အချိန်မရွေး သွားတွေ့လိုက်တာပါပဲ။ ပြီးတော့ သူတို့ပြောသမျှ ဂရုစိုက်နားထောင်တယ်။ ကျွန်တော် ကျလောက်အောင် ပြောနိုင်တဲ့ ကုမ္ပဏီတချို့ဆိုရင် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်လိုက်တယ်။

ဒါက ငွေရအောင်လုပ်ဖို့မဟုတ်ဘဲ၊ သူတို့လုပ်ငန်းတွေရဲ့ အကောင်းအဆိုးကို စောင့်ကြည့်ဖို့သာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ



mgyoe.com

mgyoe.com SAMPLE BOOK



အသိစိတ်ကို လှောင်ပိတ်ထားမယ့်အစား ကိုယ်တိုင်အဖြေရှာဖို့ ကြိုးစားတာလို့လည်း ဆိုနိုင်ပါတယ်။

လုပ်ငန်းအတော်များများမှာတော့ လူများစုဟာ မဆင်မခြင် ဆင်ကန်းတောတိုး အရင်းအနှီး ထည့်ဝင်လာတာကို မကောင်းတဲ့ အချက်အဖြစ် မြင်ရပါတယ်။ အဲ့ဒီလူတွေထဲမှာ စိတ်ကူးယဉ်သမား-တွေ, တစ်နပ်စား စားပွဲထိုးတွေ, ကန်းယုံရမ်းယုံတွေ, အရှုံးသမားတွေ, ထောနေတဲ့အနုပညာရှင်တွေပါဝင်ပြီး၊ ဒီလုပ်ငန်းတွေထဲ သွေးဆောင်ဆွဲသွင်းတာ ခံရတာကလား။

ကွန်ရက်ဈေးကွက်လုပ်ငန်းကို စိန်ခေါ်မှုတစ်ခုကတော့ တံခါးဖွင့်ဝါဒနှင့် ဘယ်သူမဆို ဝင်ပါနိုင်တာပါပဲ။

ဒီတံခါးဖွင့်ဝါဒဟာ ဆိုရှယ်လစ်ကြီးတွေက သာတူညီမျှဝါဒလို့ နှ ့ကြော်တာနှင့် မခြားပါဘူး။ ဒါပေမယ့် ဒေါင်ဒေါင်မြည်ဆိုရှယ်လစ်ကြီးတွေကို ဒီလုပ်ငန်းတွေထဲမှာ မတွေ့ရပါဘူး။ စင်စစ်မှာလည်း ဒီစီးပွားရေးလုပ်ငန်းဟာ အရင်းရှင်တွေအတွက်သာဖြစ်ပြီး၊ တစ်နည်းဆိုရင် အရင်းရှင်ဖြစ်ဖို့ မျှော်လင့်သူတွေအတွက်လို့ပဲ ဆိုရပါလိမ့်မယ်။

ဒီလိုနှင့် မြေစမ်းခရမ်းပျိုးချင်သူတွေ, ယုံစားလွယ်သူတွေ, စိတ်ကူးယဉ်သမားတွေတစ်အုပ်ကြီးကို ထိုးဖောက်ကျော်ဖြတ်ပြီးတဲ့နောက်ဆုံး၊ လုပ်ငန်းတချို့က ခေါင်းဆောင်တွေနှင့် ဆုံရတော့တာပါပဲ။

အဲ့ဒီထဲက တစ်ယောက်ဆိုရင် ကျွန်တော်တွေ့ဖူးသမျှထဲမှာ



mgyoe.com

mgyoe.com SAMPLE BOOK


အထက်မြက်ဆုံး, ကြင်နာစိတ်ပြည့်ဝပြီး ဘာသာရေးယုံကြည်မှုနှင့် သိက္ခာသမာဓိရှိသလို ကျွမ်းကျင်ပညာရှင်လည်း ဖြစ်နေပါတယ်။

ကျွန်တော့်ရဲ့အစွဲတွေချွတ်ပြီး လေးစားခင်မင်လောက်တဲ့ လူတွေနှင့် တွေ့ပြီးတဲ့နောက် ဒီလုပ်ငန်းရဲ့အညာကို ကိုင်မိပါတယ်။ အရင်က မမြင်ခဲ့တာတွေလည်း မြင်သွားပါတယ်။ အကောင်းနှင့် အဆိုးလည်း ခွဲခြားသိလိုက်ပါတယ်။

ဒီတော့ ဒီစာအုပ်ငယ်ဟာ

"ခင်ဗျား ကွန်ရက်ဈေးကွက်လုပ်ငန်းနှင့် ချမ်းသာလာတာ မဟုတ်ဘဲနှင့် တခြားလူတွေကို ဒီလုပ်ငန်းထဲဝင်ဖို့ ဘာကြောင့် တိုက်တွန်းအားပေးသလဲ"ဆိုတဲ့ မေးခွန်းကို အဖြေထုတ်ပေးပါ လိမ့်မယ်။

ရှင်းရှင်းပြောရရင်တော့ တစ်ချိန်က ဒီလုပ်ငန်းနှင့် စပ်လျဉ်း လို့ ဦးတည်ချက်မထားခဲ့ပေမယ့် ခုတော့ ဒီလုပ်ငန်းရဲ့ အစစ်အမှန် တန်ဖိုးကို သိမြင်နားလည်ခဲ့သလို ငွေတွေ တစ်ပုံတစ်ခေါင်း ရနိုင်ခြေ ရှိတာထက် ပိုလွန်ပြီး ရနိုင်တဲ့အကျိုးကိုလည်း တွေ့ရှိရလို့လို့ ဆိုရမှာပါပဲ။

သူဌေးဖေဖေစကားနှင့် ဆိုရင်

"ကျန်တဲ့လူတွေ အလုပ်လုပ်ဖို့ ရှာနေချိန်မှာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးလူတွေဟာ ကွန်ရက်လုပ်ငန်းတွေကို ရှာကြတယ်၊ တည်ထောင်ကြတယ်"လို့ပါပဲ။

ကွန်ရက် ဈေးကွက်လုပ်ငန်းဟာ လူတိုင်းအတွက်မဟုတ်


mgyoe.com

mgyoe.com SAMPLE BOOK


ပေမယ့် ယနေ့ကမ္ဘာမှာ အင်အားအကောင်းဆုံးနှင့် ကျယ်ပြန့်ကြီးမား စွာ ချီတက်နေပါပြီ။

စီးပွားရေးလုပ်ငန်းလုပ်လိုသူတွေနှင့် အနာဂတ်စီးပွားရေး တောင့်တင်းခိုင်မာချင်တဲ့လူတွေဟာ ဒီလုပ်ငန်းကို တစေ့တစောင်း ကြည့်သင့်ပါတယ်လို့။


mgyoe.com

mgyoe.com SAMPLE BOOK



# ကွန်ရက် ၂

## တန်ဖိုး နံပါတ် ၁

### ဘဝကိုပြောင်းလဲပစ်တဲ့
### စီးပွားရေးလုပ်ငန်းပညာ
### ငွေ
### မဟုတ်ပါ

"ကျွန်တော်တို့မှာ အကောင်းဆုံး အကျိုးခံစားခွင့်ပေးတဲ့ စီမံချက်ရှိပါတယ်"

လုပ်ငန်းချင်းမတူတဲ့ ကွန်ရက်ဈေးကွက်ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ မကြာခဏ ကြားနေကျအသံပါ။

လူတွေက တစ်လတစ်လ ဒေါ်လာ ထောင်ပေါင်းရာချီပြီး ရအောင်လုပ်နိုင်တယ်ဆိုတဲ့လုပ်ငန်းက ရပိုင်ခွင့်တွေအကြောင်း ဖွင့်ဟပြောပြဖို့ ဝန်လေးနေတတ်ပါတယ်။

တကယ့်တကယ်လည်း သူတို့ရဲ့ ကွန်ရက်ဈေးကွက်လုပ်ငန်းက တစ်လ ဒေါ်လာ ထောင်,ရာချီပြီး ရတဲ့လူတွေနှင့် ကျွန်တော်တွေ့ဖူးပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ဒါကြောင့် ကွန်ရက်ဈေးကွက်က အကြီးအကျယ် ရပေါက် ရလမ်းရှိတာတွေကို ကျွန်တော် ယုံမှားသံသယ မရှိပါဘူး။

'ငွေတွေ အမြောက်အမြားရနိုင်တယ်' ဆိုတဲ့ ဖြားယောင်းမှုက လူတွေကို လုပ်ငန်းထဲ ဆွဲသွင်းခဲ့တယ်လို့ ဆိုရမှာပါပဲ။

သို့သော်လည်း ကျွန်တော်က 'ကွန်ရက်ဈေးကွက်လုပ်ငန်းကို ငွေကြေးပေါ်မှာ အခြေခံထားပြီး ထောက်ခံအားပေးတာ မဟုတ်ပါဘူး။

## ကုန်ပစ္စည်းလည်း မဟုတ်ပါ

"ကျွန်တော်တို့မှာ အကောင်းဆုံးထုတ်ကုန်တွေ ရှိပါတယ်"

ဒီစကားကိုလည်း ကျွန်တော် ကွန်ရက်ဈေးကွက်လုပ်ငန်းတွေကို စုံစမ်းရင်းက ဒုတိယ အကျယ်လောင်ဆုံးကြားခဲ့ရတာ ဖြစ်ပါတယ်။

ကွန်ရက်ဈေးကွက်ဖြန့်စံနစ်အရ ထုတ်ကုန်မျိုးစုံကို ဘယ်လောက်အများကြီး ထုတ်နေတယ်၊ ဒါမှမဟုတ် ဝန်ဆောင်မှုပေးနေတယ် ဆိုတာတွေကြားရတော့ အံ့အားသင့် သင့်သွားရပါတယ်။

၁၉၇၀ ပြည့်နှစ်များက ဗိတာမင်ဆေးတွေရောင်းတဲ့ ကုမ္ပဏီတစ်ခုဟာ ကျွန်တော် ထဲထဲဝင်ဝင်လေ့လာမိတဲ့ ပထမဆုံး ကွန်ရက်ဈေးကွက်လုပ်ငန်းပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK



ဒီအခါ သူတို့ဟာ အရည်အသွေးပြည့်မီပြီး အကောင်းဆုံး အမျိုးအစား ဗီတာမင်တွေ ထုတ်လုပ်နိုင်တာ တွေ့ရပါတယ်။

ကျွန်တော် ဆက်လက် လေ့လာစူးစမ်းခဲ့ရာက ကွန်ရက် ဈေးကွက်လုပ်ငန်းတွေထဲမှာ အဓိကကျတဲ့ ထုတ်ကုန်လမ်းကြောင်း တွေကို ခုလို သိရှိခဲ့ရပြန်ပါတယ်။

၁။ အိမ်အသုံးအဆောင်ပစ္စည်းများ

၂။ တယ်လီဖုန်း ဝန်ဆောင်မှုများ

၃။ တိုက်တာခြံမြေ

၄။ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အင်တာနက်ဝက်ဘ်ဆိုက်များ

၆။ အင်တာနက်ဈေးကွက်တွင် (ဝေါလ်မတ်နှင့် ကေ–မတ်တို့ကဲ့သို့) လျှော့ဈေးဖြင့် ရောင်းချဖြန့်ချိမှုများ

၇။ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ပစ္စည်းများ (ဆေးဝါးများ)

၈။ ကျောက်မျက်ရတနာ

၉။ အခွန်ဝန်ဆောင်မှုများ

၁၀။ ပညာရေးဆိုင်ရာ ပညာပေးကစားစရာများ

ဒါ အတွင်ကျယ်ဆုံး နမူနာပစ္စည်းတွေလောက်ပဲ ရှိပါသေးတယ်။ တခြားကုန်တွေလည်း အများကြီးပေါ့။ အနည်းဆုံး တစ်လမှာ တစ်ကြိမ်လောက်တော့ ထုတ်ကုန်တွေအပေါ်မှာ လှည့်စားမှု အသစ်လေးတွေ၊ ဒါမှမဟုတ် အကျိုးခံစားခွင့် စီမံချက်တွေနှင့်



mgyoe.com

mgyoe.com SAMPLE BOOK



ကွန်ရက်ဈေးကွက်ကုမ္ပဏီ အသစ်တစ်ခုခု ပေါ်ထွန်းလာတတ်တာလည်း သတိပြုမိပါရဲ့။ အဲ့ဒီအထဲက တချို့ကို ကျွန်တော် ဆက်သွယ်ပါဝင်မိတာကတော့ သူတို့ရဲ့ ထုတ်ကုန် (ဝါ)ဝန်ဆောင်မှုတွေကို လိုချင်လို့ပါပဲ။ ဒါပေမယ့် ထုတ်ကုန်နှင့် အကျိုးခံစားခွင့်(ဆုလာဘ်) စီမံကိန်းတွေဟာ ကွန်ရက်ဈေးကွက်လုပ်ငန်းတွေထဲပါဝင်ဖို့ ကျွန်တော်တိုက်တွန်းတဲ့ကိစ္စမှာ အဓိကမကျပါဘူးလို့တော့ ပြောထားချင်ပါတယ်။

## ဘဝပြောင်း

## ပညာရေး

ကွန်ရက်ဈေးကွက်လုပ်ငန်းကို ကျွန်တော် ထောက်ခံအားပေးတဲ့ နံပါတ် ၁ အချက်က ပညာပေးစံနစ် ရှိထားတာကြောင့်ပါပဲ။

သူ့ရဲ့ အကျိုးခံစားခွင့်နှင့် ထုတ်ကုန်တွေကိုကျော်ပြီး ကုမ္ပဏီဟာ ပညာသင်ပေးတာ, လေ့ကျင့်ပေးတာတွေကို တကယ်စိတ်ဝင်စားတာလားဆိုတာ အဓိကစဉ်းစားပြီးမှ ရင်းနှီးမြှုပ်နှံမှု လုပ်သင့်ပါတယ်။

ဒီအတွက် အရောင်းပြပွဲတွေမှာ ၃ နာရီကြာ နားထောင်ပြီး ရောင်စုံကတ်တလောက်တွေကိုကြည့်တာထက် အချိန် ပိုယူရပါလိမ့်မယ်။

သူတို့ရဲ့ ပညာရေးအစီအစဉ်တွေ တကယ်တမ်း ဘယ်လောက်ကောင်းသလဲဆိုတာသိဖို့ အိမ်မှာအိပ်နေလို့ မရပါဘူး။ သူတို့ရဲ့



mgyoe.com

mgyoe.com SAMPLE BOOK



သင်တန်းတွေနှင့် ပညာပေးလုပ်ဆောင်မှုတွေ အချိန်ယူပြီး သွားကြည့်ဖို့ လိုပါတယ်။

နမူနာမြည်းစမ်းကြည့်လို့ ကြိုက်သွားပြီဆိုရင် ပညာပေး၊ သင်တန်းပေးတဲ့ပုဂ္ဂိုလ်တွေကို အချိန်ယူပြီး သွားတွေ့ရတော့မှာပေါ့။ ဒါဟာ ကျွန်တော်လုပ်ခဲ့တာလည်းဖြစ်ပြီး၊ စိတ်ဝင်စားစရာတွေ တွေ့ခဲ့ရတာဆိုလည်း မမှားပါဘူး။

## တကယ့်ဘဝ
## စီးပွားရေး
## လုပ်ငန်းကျောင်း

လေယာဉ်မောင်းသင်တန်းကျောင်းရဲ့ အကောင်းဆုံးအချက်တစ်ခုကတော့ ကျွန်တော်တို့ကို လေ့ကျင့်သင်ကြားပေးတဲ့ ဆရာတွေဟာ ဗီယက်နမ်စစ်ပွဲက ပြန်လာခါစ လေသူရဲတွေ ဖြစ်နေတာပါပဲ။

သူတို့ရဲ့သင်ကြားပို့ချချက်တွေကလည်း လက်တွေ့ဘဝအတွေ့အကြုံတွေထဲက ထုတ်နုတ်ပြသခဲ့တာပါ။

စီးပွားရေးလုပ်ငန်းပညာသင်ကျောင်းတွေရဲ့ ပြဿနာက ဆရာဆိုသူအများစုဟာ စီးပွားရေးလောကက တကယ့်အတွေ့အကြုံတွေ ဘာမျှ သိပ်မရှိကြတာပဲ ဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK


ကွန်ရက်ဈေးကွက်ထဲမှာလည်း တကယ့်စီးပွားရေးလောကမှာ အောင်မြင်ဖို့ သင်ကြားပေးတဲ့ ထိပ်တန်းပုဂ္ဂိုလ်တွေဟာ သူတို့ ကိုယ်တိုင် ထိပ်တန်းကို ရောက်နေသူတွေ မဟုတ်ပြန်ပါဘူး။

သမားရိုးကျ စီးပွားရေးပညာသင်ကျောင်းတွေရဲ့ 'မူ'ကတော့ ဆရာလုပ်ဖို့ဟာ တကယ့်စီးပွားရေးလောကမှာ အောင်မြင်မှု ရှိတာ၊ မရှိတာ အရေးမကြီးသလိုပါပဲ။

ဒါကြောင့်လည်း အဲ့ဒီကျောင်းတွေက ညွှန်ကြားရေးမှူးတွေ ဟာ ကွန်ရက်ဈေးကွက်ပညာသင်ပေးသူ ညွှန်ကြားရေးမှူးတချို့ လောက် ဝင်ငွေမကောင်းတာလို့ ဆိုရမှာပေါ့။

ဒီ့အတွက် ကွန်ရက်ဈေးကွက်လုပ်ငန်းတစ်ခုကို သုံးသပ် ကြည့်မယ်ဆိုရင် ဦးဆောင်သူတွေဟာ စီးပွားရေးလုပ်ငန်းမှာ လက် တွေ့အောင်မြင်သူတွေ ဟုတ်၊မဟုတ်ဆိုတာ စုံစမ်းသင့်သလို၊ သူတို့ ဆီက ပညာသင်ဖို့ ဆန္ဒရှိ၊မရှိ ဆိုတာလည်း ကိုယ့်ကိုယ်ကို ပြန်မေးဖို့ လိုပါလိမ့်မယ်။

ကွန်ရက်ဈေးကွက်ကုမ္ပဏီတွေက ပို့ချသင်ကြားပေးတဲ့ တကယ့်စီးပွားရေးလောကရဲ့ အရေးပါတဲ့ ဘာသာရပ်တချို့ကတော့

၁။ အောင်မြင်မှုအပေါ်ထားရှိရမယ့် သဘောထား
၂။ ခေါင်းဆောင်မှုပညာ
၃။ လူမှုဆက်ဆံရေးပညာ
၄။ လူ့စွမ်းရည်
၅။ စိုးရွံ့မှု၊ သံသယ၊ ယုံကြည်မှုလျော့ပါးမှုကို ကျော်လွှား ရေး


mgyoe.com

mgyoe.com SAMPLE BOOK



၆။ ငြင်းပယ်မှုကို ကျော်လွှားရေး

၇။ ငွေကြေးစီမံခန့်ခွဲမှုပညာ

၈။ ရင်းနှီးမြှုပ်နှံမှုပညာ

၉။ စာရင်းကိုင်ပညာ

၁၀။ အချိန် စီမံခန့်ခွဲမှုပညာ

၁၁။ ရည်မှန်းချက်ပန်းတိုင် ချမှတ်ရေး

၁၂။ လုပ်ငန်းစံနစ်များ ရေးဆွဲခြင်း

ကျွန်တော်တွေ့ဖူးခဲ့တဲ့ ကွန်ရက်ဈေးကွက်လုပ်ငန်းမှာ အောင်မြင်သူတွေဟာ ဒီပညာရပ်တွေမှာ သင်တန်းတွေတက်ပြီး ကျွမ်းကျင်မှုရခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။ အဲ့ဒီကွန်ရက်ဈေးကွက် စနစ်အရထိပ်တန်းရောက်တာ၊ သို့မဟုတ် ငွေကြေးအမြောက်အမြား ရရှိတာအသာထား။ ဒီလေ့ကျင့်မှုတွေက ဘဝမှာ တန်ဖိုးမဖြတ်နိုင်အောင်အဖိုးတန်တာတော့ အမှန်ပါပဲ။ ပညာရေးစီမံချက်တွေ ကောင်းတာနှင့်အမျှ ဘဝတိုးတက်ဖွံ့ဖြိုးမှုကို ရေရှည်ထာဝရ ရရှိသွားမှာ မလွဲပါဘူး။

ကွန်ရက်ဈေးကွက်ကုမ္ပဏီတိုင်းလိုလိုကတော့ သူတို့မှာကြီးကျယ်တဲ့ ပညာပေးအစီအစဉ်တွေ ရှိကြတာပဲလို့ ပြောကြတာချည်းပါပဲ။ ဒါပေမယ့် သူတို့ပြောသလို ပညာပေးလေ့ကျင့်ရေးစံနစ်တွေ မရှိကြသူတွေ များပါတယ်။

တကယ်တမ်းကျတော့ သူတို့ဟာ ရည်ညွှန်းစာအုပ်စာရင်းတွေသာ ထုတ်ပေးတာဖြစ်ပြီး၊ နီးစပ်ရာ သူငယ်ချင်းမိတ်ဆွေတွေနှင့်



mgyoe.com

mgyoe.com SAMPLE BOOK



မိသားစုဝင်တွေကို သူတို့လုပ်ငန်းထဲ ဆွဲသွင်းတဲ့ သင်တန်းမျိုးဆို တာသာ တွေ့ရပါတယ်။

တစ်နည်းပြောရရင် သူတို့ရဲ့ ထုတ်ကုန်တွေ, သူတို့ရဲ့ လုပ်ငန်း စံနစ်အောင်မြင်ဖို့ အရောင်းသမားကောင်းဖြစ်လာအောင် ပေးတဲ့ သင်တန်းတွေပဲ ဖြစ်ပါတယ်။

ကောင်းမွန်စစ်မှန်တဲ့ ပညာရပ်တွေနှင့် သင်တန်းအစီအစဉ် တွေရှိတဲ့ ကွန်ရက်ဈေးကွက်ကုမ္ပဏီတွေလည်း အများကြီးရှိတာနှင့် အမျှ အချိန်ယူပြီး- ဂရုတစိုက်ရွေးချယ်တတ်ဖို့သာ လိုပါတယ်။

ကျွန်တော့် အယူအဆအရတော့ ‘တကယ်လက်တွေ့ကျတဲ့ အကောင်းဆုံး စီးပွားရေးလုပ်ငန်းသင်တန်းတွေဟာ ဘယ်နေရာမှာမဆို ရှိတယ်’ဆိုတာပါပဲ။

## ပညာရေးစီ
## မံချက်မှာ ဘာ
## ကိုစံထားမလဲ

ခင်ဗျားအနေဖြင့် ကျွန်တော်ရေးတဲ့ တခြားစာအုပ်တွေ ဖတ်ဖူး မယ်ဆိုရင် ကျွန်တော်ဟာ ပညာရေးမိသားစုက ပေါက်ဖွားလာတယ် ဆိုတာ သိပြီးသား ဖြစ်ပါလိမ့်မယ်။ ကျွန်တော့်အဖေက ဟာဝိုင်ယီ ပြည်နယ် ကျောင်းပညာရေးစနစ်များရဲ့ အကြီးအကဲ ဖြစ်ခဲ့ပါတယ်။ ကျောင်းဆရာမိသားစုက ဆင်းသက်လာတဲ့တိုင်အောင် ကျွန်တော်ဟာ



mgyoe.com

mgyoe.com SAMPLE BOOK



သမားရိုးကျ ပညာရေးကို မနှစ်သက်ခဲ့ပါဘူး။ နယူးယော်က်အခြေစိုက် ဂုဏ်သတင်းမွေးတဲ့ စစ်တက္ကသိုလ်ကျောင်းဆရာ တက်ခဲ့ရပြီး သိပ္ပံဘွဲ့ရ ဖြစ်ခဲ့တဲ့တိုင်အောင်လည်း သမားရိုးကျ ပညာရေးကို စိတ်ကုန်ငြီးငွေ့ခဲ့သူပါ။

ကျွန်တော်ဟာ ဘွဲ့ရကျောင်းသားဘဝကို ဖြတ်သန်းလာခဲ့ရပေမယ့် ကျွန်တော် နင်လားငါလားသင်ခဲ့ရတဲ့ စာတွေကို စိတ်မဝင်စားခဲ့တာ အမှန်ပါပဲ။

အထက်တန်းကျောင်းက ဘွဲ့ရပြီး အမေရိကန် ကမ်းတက်တပ်ဖွဲ့ကို ဝင်ခဲ့တဲ့နောက် ဖလော်ရီဒါပြည်နယ် ပင်ဆာကိုလာက အမေရိကန်ရေတပ် ပျံသန်းရေးအစီအစဉ်အရ သင်တန်းတက်ခဲ့ရပြန်ပါတယ်။

ဗီယက်နမ်စစ် ဆက်ဖြစ်နေတုန်းမို့ လေယာဉ်မှူးတွေ ပိုလိုနေပြီး အမြန်သင်တန်းတွေ ပေးနေရချိန်လည်း ဖြစ်ပါတယ်။ ပိုင်းလော့သင်တန်းသား တစ်ယောက်ကို သင်ကြားတဲ့ပုံစံဟာ စိတ်လှုပ်ရှားစရာကောင်းပြီး ရဲစိတ်ရဲမာန် တက်စေပါတယ်။

ကျွန်တော်တို့ သင်တန်းသားတွေအနေဖြင့် ခေါက်ရိုးကျိုးနေတဲ့ "မှေါက်ဖတ်ကို လိပ်ပြာအဖြစ် ပြောင်းပစ်လိုက်တာ"ဆိုတဲ့ လက်သုံးစကားကို နားထဲမှာ စွဲခဲ့ရပါတယ်။ လေယာဉ်မောင်းသင်တန်းကျောင်းမှာ သူတို့ပြောတဲ့စကားအတိုင်း အတိအကျမှန်ခဲ့တာလည်း တွေ့ရတယ်လေ။

လေယာဉ်မောင်းသင်တန်း တက်ခဲ့ရချိန်မှာ ကျွန်တော်ဟာ



mgyoe.com

mgyoe.com SAMPLE BOOK



စစ်တက္ကသိုလ်က ဘွဲ့ရပြီး ဗိုလ်ကလေးတစ်ယောက်လည်း ဖြစ်နေပါပြီ။ ဒါပေမယ့် များသောအားဖြင့် လေယာဉ်မောင်းသင်တန်းကျောင်းတက်လာတဲ့ သင်တန်းသားတွေဟာ အရပ်ဘက်တက္ကသိုလ်က ဘွဲ့ရတွေဖြစ်ပြီး၊ ပေါက်ဖတ်တွေနှင့် မခြားပါဘူး။

ဟာစ်ပီခေတ်ဖြစ်တဲ့အတိုင်း အရပ်ဝတ်အရပ်စားတွေနှင့် ထူးဆန်းတဲ့ စရိုက်လက္ခဏာတွေရှိကြရာက ဘဝပြောင်းပညာရေးအစီအစဉ်တွေကို စ,သင်ခဲ့ရတာ ဆိုပါတော့။ သူတို့ဟာ သင်တန်းမှာ လိုက်နိုင်ကြရင် ၂ နှစ်, ၃ နှစ် အကြာမှာ လိပ်ပြာတွေ ဖြစ်ကုန်တာပါပဲ။ (သင်တန်းအောင်သွား သူတိုင်းဟာ ကမ္ဘာပေါ်မှာ အကြမ်းဆုံးလေသူရဲတွေ ဖြစ်ခဲ့ကြရတာပဲပေါ့။)

မင်းသား ထွမ်ခရုပါတဲ့ Top Gun ရုပ်ရှင်ကားဟာ ပေါက်ဖတ်တွေက လိပ်ပြာဖြစ်လာတဲ့အကြောင်း အကောင်းဆုံး ရိုက်ပြနိုင်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဗီယက်နမ် စစ်မြေပြင်မသွားခင် Top Gun ရုပ်ရှင်ကားထဲက လေသူရဲကျောင်းရှိရာ ကာလီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုမြို့မှာ စခန်းသွင်းခံခဲ့ရပါတယ်။

ကျွန်တော်ဟာ ဂုဏ်သတင်းကြီးတဲ့ အဲ့ဒီကျောင်းနှင့် ထိုက်တန်လောက်တဲ့ လေသူရဲကောင်းတစ်ယောက် မဟုတ်ခဲ့ပေမယ့်၊ ရုပ်ရှင်ထဲက လူငယ်လေသူရဲတွေလို စစ်သွေးစစ်မာန်တွေဝင်ပြီး ယုံကြည်ချက်နှင့် စွမ်းပကားတွေ ပြည့်ဝခဲ့ရပါတယ်။

ကျွန်တော်တို့ဟာ လေယာဉ်ကို ဘယ်လိုမောင်းရမှန်းမသိတဲ့ လူပေလူတေလေးတွေဘဝကနေ လူတော်တော်များများရှောင်ကြဉ်



mgyoe.com

mgyoe.com
SAMPLE BOOK


ကြတဲ့ စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့ အသင့်ရှိအောင် လေ့ကျင့်ထားတဲ့ လူငယ်တွေ ဖြစ်ခဲ့ရတာပါပဲ။

ကျွန်တော့်ကိုယ် ကျွန်တော်ရယ်, ဘဝတူလေသူရဲကျောင်းသားတွေရယ်ကို သတိထားမိသလောက် ဒီပြောင်းလဲမှုကြီးဟာ 'ဘဝပါပြောင်းလဲစေခဲ့တဲ့ပညာရေး' လို့ ဆိုရပါတော့မယ်။

လေယာဉ်မောင်းသင်တန်းကျောင်းကဆင်းတာနှင့် ဗိုလ်ယက်နမ်ကို ထွက်ခဲ့ရာက အရင်နှင့်မတူ တစ်မူခြားသွားခဲ့ရပါပြီ။ တစ်နည်းအားဖြင့် ကျောင်းတက်ခါစက ကောင်လေး မဟုတ်တော့ပါဘူး။

ကျွန်တော်နှင့် တိုက်ပွဲဝင်ဖက် သူငယ်ချင်းလေသူရဲတွေဟာလည်း လေယာဉ်မောင်းကျောင်းကဆင်းလို့ နှစ်ပေါင်းများစွာ ကြာခဲ့တဲ့နောက် စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်သူတွေ ဖြစ်လာကြပါတယ်။ ကျွန်တော်တို့ချင်း ပြန်တွေ့ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ စမြုံ့ပြန်ကြတဲ့အခါ ဒီနေ့ စီးပွားရေးအောင်မြင်မှုတွေဟာ လေယာဉ်မောင်းသင်တန်းတက်ခဲ့ရတဲ့ အကျိုးရလဒ်တွေပဲလို့ ကောက်ချက်ချခဲ့ကြပါတယ်။

ဒီတော့ 'ဘဝပြောင်း စီးပွားရေးလုပ်ငန်းပညာ' အကြောင်းပြောမယ်ဆိုရင် ပေါက်ဖတ်က လိပ်ပြာအသွင် ပီပီပြင်ပြင်ပြောင်းပစ်နိုင်စွမ်းရှိတဲ့ ပညာရေးမျိုးသာ ဖြစ်စေချင်ပါတယ်။

ကွန်ရက်စီးပွားရေးလုပ်ငန်းရဲ့ ပညာရေးစီမံကိန်းတွေကို အကဲခတ်ကြည့်တဲ့အခါ ခင်ဗျားဘဝကို အများကြီးပြောင်းလဲခြားနားအောင်လုပ်နိုင်တဲ့ စွမ်းအားရှိတဲ့ ကွန်ရက်မျိုးကို ကျွန်တော်ထောက်ခံအားပေးခြင်းသာ ဖြစ်ပါတယ်လို့။


mgyoe.com

mgyoe.com SAMPLE BOOK


တစ်ခုတော့ သတိပေးပါရစေ။ ကျွန်တော်တို့ လေယာဉ်မောင်း သင်တန်းကျောင်းတုန်းကလိုပဲ လူတိုင်းတော့ သင်တန်းမအောင်နိုင်ဘူးဆိုတာပါပဲ။

## ဘဝပြောင်း ပညာရေး ဆိုသည်မှာ

ကျွန်တော်ဆိုလိုတဲ့ ဘဝပြောင်းပညာရေးကို ပူးတွဲပါ ပုံကြမ်းလေးနှင့် ရှင်းပြချင်ပါတယ်။

သရုပ်ပြပုံစံအရ ပိရမစ်ပုံကို အခြေခံထားသလို ၄ မျက်နှာ, ၄ နား ထောင့်ရှိတာ တွေ့ရပါလိမ့်မယ်။

အီဂျစ်ပြည်က ပိရမစ်တွေဟာ ရာစုနှစ်ပေါင်းများစွာ တည်တံ့နေပါတယ်။ တစ်နည်းပြောရရင် ပိရမစ်၊ ဒါမှမဟုတ် မျက်နှာ ၄ ဘက်ပုံတွေဟာ အလွန်တရာခိုင်မာတဲ့ တည်ဆောက်မှုတွေပါပဲ။


သုတေသီပညာရှင်တွေကလည်း စကြဝဠာနိယာမ (သဘာဝနိယာမ)ဟာ ၄ ဂဏန်းတွေအပေါ်မှာ မူတည်ထားကြပါတယ်။

ရာသီဥတုဆိုရင် နွေ,မိုး,ဆောင်း နွေဦးရာသီဆိုပြီး၊ ၄ ရာသီ သတ်မှတ်ထားပါတယ်။ နက္ခတ္တဗေဒကို လိုက်စားသူတွေအဖို့လည်း ရေ,မြေ,လေ,မီး မဟာဘုတ်ကြီး ၄ ပါးရှိထားတာ မသိလို့ မဖြစ်ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK


ဘဝပြောင်းစေမယ့် ပညာရေးအကြောင်းပြောရရင်လည်း အပြောင်းအလဲတွေဟာ ၄ ဂဏန်းနှင့် ပတ်သက်နေတယ်လို့ ကျွန်တော် ဆိုချင်ပါတယ်။ တစ်နည်းအားဖြင့် စစ်မှန်တဲ့ဘဝပြောင်း ပညာရေးဆိုတာ ထိရောက်ထက်မြက်မှု ရမှာဖြစ်သလို၊ ပိရမစ် ၄ ဘက်ချွန်းတွေရဲ့ အာနိသင်ကော သက်ဝင်နေလေရဲ့။




သမားရိုးကျပညာရေးဟာ စိတ်ပိုင်းဆိုင်ရာ ပညာရေးကို အခြေပြုထားပါတယ်။ စာရေး၊ စာဖတ်၊ ဂဏန်းသင်္ချာတွေကို ကျွမ်းကျင်အောင် သင်ပေးတာလည်း ဖြစ်ပါတယ်။ ဒါကို 'အတတ်သင်ပညာ'လို့ ခေါ်လေ့ရှိကြတာပါပဲ။

ကျွန်တော့်အနေဖြင့် သမားရိုးကျပညာရေးကို ဘဝင်မကျ


mgyoe.com

mgyoe.com SAMPLE BOOK


တာက ပညာရေးရဲ့ သွင်ပြင်လက္ခဏာတွေဖြစ်တဲ့ ခံစားမှုအပိုင်း, ဝိညာဉ်ပိုင်း, ရုပ်ပိုင်းဆိုင်ရာတွေမှာ အားနည်းလို့ပဲ ဖြစ်ပါတယ်။

တစ်ခုချင်းကို ကျွန်တော် ဆက်လက် ဆွေးနွေးတင်ပြသွားပါ့မယ်။

## ၁။ ခံစားမှုပိုင်းဆိုင်ရာ ပညာရေး

သမားရိုးကျပညာရေးနှင့်ပတ်သက်လို့ ကျွန်တော် ညည်းတွားရတဲ့ အချက်တစ်ချက်ကတော့ ကြောက်စိတ်သွင်းပေးလို့ ဖြစ်ပါတယ်။ ဒီ့ထက်ပိုပြီး တိတိကျကျပြောရရင် ဆုံးရှုံးမှာကြောက်မှုကို ဦးတည်တဲ့ 'အမှားလုပ်ရမှာ ကြောက်တဲ့စိတ်'မွေးပေးတာကြောင့်ပါပဲ။ ဆရာလုပ်သူဟာ တပည့်ကို သင်ယူမှုနှင့် စိတ်ကူးဉာဏ်ဖွံ့ဖြိုးစေရမယ့်အစား "မင်း အမှတ်မကောင်းလို့ အဆင့်မမီရင် လခကောင်းတဲ့ အလုပ် ရမှာမဟုတ်ဘူး"ဆိုတဲ့ စကားမျိုးဖြင့် ဆုံးရှုံးရမှာကြောက်အောင် ခြောက်ခဲ့တာကလား။

ထို့အတူပဲ ကျွန်တော် ကျောင်းနေစဉ်အချိန်ကလည်း အမှားတွေလုပ်မိတဲ့အတွက် အပြစ်ပေးခံခဲ့ရတယ်လေ။ ဒါဟာ အမှားလုပ်ရမှာကြောက်တဲ့စိတ်ကို ခံစားမှုထဲ ရိုက်သွင်းလိုက်တာပဲပေါ့။ ပြဿနာက တကယ့်လက်တွေ့လောကမှာ အမှားတွေ အများကြီးလုပ်မိပြီး အဲ့ဒီအမှားတွေက သင်ယူနိုင်တဲ့ လူတွေဟာ ထိပ်တန်းရောက်ခဲ့ကြတာပါပဲ။

ကျွန်တော့်ဖခင်အရင်း ဆင်းရဲဖေဖေဟာ ကျောင်းဆရာ


mgyoe.com

mgyoe.com SAMPLE BOOK



ဖြစ်ခဲ့သလို၊ အမှားကျူးလွန်တာဟာ အပြစ်တစ်ခုလို့ ယူဆခဲ့သူပါ။

တစ်ဘက်မှာ သူ့ဒွေးဖေဖေကတော့ "အမှားလုပ်တာဟာ သင်ယူရေး ပုံစံတစ်ခုပဲကွ။ တို့ စက်ဘီးစီးသင်ရာမှာ ခဏခဏ လဲလိုက်၊ ပြန်တက်လိုက်နှင့် နောက်ဆုံး တတ်သွားတာပဲ မဟုတ်လား"လို့ ပြောခဲ့ပါတယ်။

ပြီးတော့လည်း

"အမှားတစ်ခုလုပ်ပြီး ဘာမျှ သင်ယူမှုမရှိတာသာ အပြစ်ကွ" တဲ့။ သူ ထပ်အကျယ်ချဲ့ပြီး ရှင်းပြခဲ့ပုံကတော့

"များသောအားဖြင့် လူတွေက အမှားတစ်ခုခုလုပ်ပြီး လိမ်လည်ဖုံးကွယ်တတ်ကြတယ်။ ဒါဟာ ခံစားမှုသဘောအရ အမှားလုပ်မိကြောင်း ဝန်ခံရမှာ ကြောက်လို့ပဲ။ ဒီတော့ သူတို့ဟာ သင်ယူပြီး တိုးတက်ရမယ့်အခွင့်အလမ်းကို လက်လွှတ်ဆုံးရှုံးသွားရတော့တာပေါ့။ အမှားလုပ်မိတဲ့လူအနေဖြင့် တခြားလူကို လက်ညှိုးထိုး အပြစ်မတင်ဘဲ ဝန်ခံတာ, တရားသဖြင့် ဖော်ထုတ်တာ, တောင်းပန်တာတွေဟာ သင်ယူတဲ့ နည်းလမ်းတွေပဲ။ အမှားလုပ်တယ်၊ ဝန်မခံဘူး၊ မဆိုင်တဲ့လူကို လွှဲချတာတွေသာ အပြစ်ဖြစ်တယ်"လို့ပါပဲ။

အစဉ်အလာ စီးပွားရေးလောကမှာလည်း အမှားလုပ်မိတာတွေနှင့် ပတ်သက်လို့ တစ်သဘောတည်း မြင်ကြပါတယ်။

အလုပ်ခွင်မှာဆိုလည်း အမှားလုပ်မိတာနှင့် အလုပ်ထုတ်ပစ်တာ, ဒဏ်ခတ်အပြစ်ပေးတာတွေ ခံရတာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK



ကွန်ရက်စျေးကွက်နယ်ပယ်မှာတော့ အမှားတွေလုပ်ပြီး သင်ကြားဖို့ သတ္တိမွေးရတယ်။ အမှန်ကို ပြင်တယ်။ ဒီလိုနှင့် စိတ်ပိုင်းအရကော ခံစားမှုအပိုင်းမှာပါ တစ်ပြိုင်တည်း ထက်မြက်ထူးချွန်လာရပါတော့တယ်။

ကျွန်တော် ကုမ္ပဏီလောကမှာ အရောင်းသင်တန်းက လိုအပ်တဲ့ အရောင်းစံချိန် ပြည့်မီခြင်းမရှိတဲ့ အရောင်းသမားတွေဟာ အလုပ်ကရပ်စဲခံရံတာတွေ့ တွေ့ရတယ်။

ကွန်ရက်စျေးကွက်လောကမှာတော့ ဦးစီးခေါင်းဆောင်က လုပ်နိုင်စွမ်းသိပ်မရှိတဲ့သူတွေကို လက်တွဲခေါ်ဖို့, တိုးတက်မှုရရှိအောင် အားပေးကူညီဖို့သာ အာရုံစိုက်တယ်။ အလုပ်ထုတ်မပစ်တတ်ပါဘူး။

စက်ဘီးစီးသင်ရာမှာ တဗိုင်းဗိုင်းလဲတိုင်းသာ အမှတ်လျှော့ပြီး အပြစ်ပေးခံရမယ်ဆိုရင် တစ်သက်လုံး စက်ဘီးစီးတတ်တော့မှာ မဟုတ်ဘူးပေါ့။

ကျွန်တော့်စီးပွားရေးတွေ တခြားလူတွေထက် အောင်မြင်ခဲ့ရတာဟာလည်း လူအများထက် ပိုဆုံးရှုံးခံရဖူးလို့ပဲ ဖြစ်ပါတယ်။ တစ်နည်းဆိုရင် အမှားလုပ်တာဟာ ဆိုးရွားမိုက်မဲတယ်လို့ အသင်ကြားခံထားရတဲ့လူတွေထက် အမှားတွေ ပိုလုပ်ခဲ့မိလို့ သူတို့ထက်သာခဲ့ရတာပါ။

ကွန်ရက်စျေးကွက်လောကမှာ အမှားတွေ လုပ်ခိုင်းတယ်၊ အမှန်ကို ပြင်ပေးတယ်, သင်ပေးတယ်။ ဒီလိုနှင့် ရှင်သန်ကြီးထွားစေပါတယ်။ ကျွန်တော့်အမြင်တော့ ဒါဟာ ဘဝပြောင်းပညာရေးပဲ



mgyoe.com

mgyoe.com SAMPLE BOOK



ဖြစ်ပြီး၊ ရှေးရိုးစွဲပညာရေးနှင့် ဆန့်ကျင်ဘက်ကျတဲ့ ပညာရေးစံနစ်ပါပဲ။

ဆုံးရှုံးမှာကြောက်လို့ အမှားလုပ်ရတာကို လန့်တတ်တယ်ဆိုသူတွေအဖို့ ကွန်ရက်ဈေးကွက်လုပ်ငန်းဟာ အထူးသင့်လျော်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တွေ့ဖူးတဲ့ ကွန်ရက်ဈေးကွက်လေ့ကျင့်ရေးပရိုဂရမ်တွေဟာ လူတစ်ယောက်ရဲ့ မိမိကိုယ်မိမိ ယုံကြည်မှုကို တည်ဆောက်ပေးနိုင်တာမို့ ယုံကြည်မှုတွေ တိုးပွားလာတာနှင့်အမျှ၊ သူ့ဘဝဟာလည်း အစဉ်သဖြင့် ပြောင်းလဲသွားစေတာပဲပေါ့။

## ၂။ ရုပ်ပိုင်းဆိုင်ရာ ပညာရေး

အမှားလုပ်ရမှာစိုးတဲ့ လူတွေဟာ အလုပ်များများမလုပ်မိတာကြောင့် ပညာလည်း အများကြီး မရတော့ဘူးဆိုတာ ရိုးရိုးလေးစဉ်းစားကြည့်ရုံဖြင့် သိသာပါတယ်။

ပညာသင်ယူမှုဟာ စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်တွေ အများကြီးပါဝင်သလောက် ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်တွေလည်း တကယ်တမ်းလုပ်ဆောင်ရတာ တွေ့ရပါလိမ့်မယ်။ စာဖတ်တာနှင့် စာရေးတာတွေဟာ ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တွေဖြစ်ပြီး၊ တင်းနစ်(စ်) အရိုက်သင်သလိုပါပဲ။ အားလုံးအဖြေမှန်ဖို့နှင့် အမှားမလုပ်မိဖို့ သင်ထားရခြင်းအားဖြင့် ပညာရေးကိစ္စမှာ အခွင့်ကောင်းတွေ အရနေးသွားတယ်လို့ ဆိုနိုင်ပါတယ်။ အဖြေတွေအားလုံး သိနေပါလျက်နှင့် ဘာကိုမျှ လုပ်ပိုင်ကိုင်ပိုင်တာမရှိရင် ဖွံ့ဖြိုးတိုးတက်မှု ဘယ်လိုရပါတော့မလဲ။



mgyoe.com

mgyoe.com SAMPLE BOOK



ကွန်ရက်ဈေးကွက်ကုမ္ပဏီတွေကို ကျွန်တော် လေ့လာမိသလောက်မှာ ရုပ်ပိုင်းဆိုင်ရာသင်ယူမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာသင်ယူမှုကိုပါ အားပေးမြှင့်တင်တာ တွေ့ရပါတယ်။ သူတို့က လုပ်ရှားဆောင်ရွက်လိုက်ခြင်းအားဖြင့် စိုးရွံ့ကြောက်လန့်မှုတွေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်စွမ်း ရှိစေသလို၊ အမှားလုပ် အမှားထဲကသင်ပြီး စိတ်ပိုင်း၊ ခံစားမှုအပိုင်း၊ ရုပ်ပိုင်းဆိုင်ရာတွေမှာ သန်မာကြီးထွားလာစေပါတယ်။

သမားရိုးကျ အစဉ်အလာပညာရေးကတော့ အချက်အလက်တွေကိုသာသင်ပေးပြီး ဒီနောက်မှာ အမှားမလုပ်ရဲအောင် ခံစားမှုအရ စွဲနစ်နေအောင် သင်ပေးလေတော့ ရုပ်ပိုင်းဆိုင်ရာမှာ ကုပ်ကနေပြီး နောက်ပြန်ဆွဲထားတာနှင့် မခြားပါဘူး။

စိုးရိမ်ထိတ်လန့်တဲ့ အသိုင်းအဝန်းမှာ နေရတာဟာ ကျန်းမာရေးအရကော စိတ်ပိုင်း၊ ခံစားမှုပိုင်း၊ ရုပ်ပိုင်း၊ ငွေကြေးစီးပွားရေးပိုင်းအရပါ ထိခိုက်စေပါတယ်။

စောစောက တင်ပြခဲ့သလိုပါပဲ။ ကျွန်တော် ပိုက်ဆံချမ်းသာခဲ့ရတာဟာ ကျောင်းပညာ ထူးချွန်တတ်မြောက်တာကြောင့် မဟုတ်လှဘဲ၊ အမှားတွေ အများကြီးလုပ်ခဲ့လို့၊ အမှားကို ကျူးလွန်ဝံ့လို့၊ အမှားထဲက သင်ခန်းစာတွေထုတ်ယူပြီး သင်ကြားခဲ့လို့သာ ဖြစ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော်ကတော့ ရှေ့ဆက်လည်း မှားနေဦးမှာပဲ။ ရှေ့ အနာဂတ်မှာ ဆက်မမှားအောင် လူတွေရှောင်နေချိန်မှာ ကျွန်တော် ဆက်မှားဖို့ ကြိုးစားတာနှင့်အမျှ သူတို့နှင့် အနာဂတ်ချင်း ကွာခြား သွားမှာလည်း သေချာပြီးသား။

အသစ်အဆန်းတစ်ခုခုလုပ်ချင်တဲ့ ဆန္ဒမရှိဘဲ အမှားကျူး လွန်ပြီး၊ အမှန်ကို ပြင်လိုတဲ့စိတ်မရှိဘဲနှင့် အနာဂတ်မှာ ကြီးပွား တိုးတက်ဖို့ မလွယ်ပါဘူး။

အကောင်းဆုံးသော ကွန်ရက်ဈေးကွက်ဖြန့် ကုမ္ပဏီတွေဟာ သူတို့လူတွေကို စိတ်ပိုင်းဆိုင်ရာအရ အသစ်အသစ်တွေ သင်ကြား ပေးပြီး လက်တွေ့လုပ်ခိုင်းတယ်၊ မှားခိုင်းတယ်၊ သင်ယူခိုင်းတယ်၊ ပြင်ခိုင်းတယ်။ ဒီအစဉ်အတိုင်းပဲ ထပ်တလဲလဲ လေ့ကျင့်စေတယ်။ ဒါဟာ တကယ့်ဘဝက ပညာရေးပဲပေါ့။

မှားမှာကို စိုးရိမ်တဲ့ကြားက ဘဝမှာ အပြောင်းအလဲတချို့ လုပ်ဖို့ လိုအပ်တယ်လို့ သိနားလည်ထားတယ်ဆိုရင် ကွန်ရက်ဈေး ကွက်ပရိုဂရမ်ကောင်းတစ်ခုဟာ ခင်ဗျားရဲ့ ရေရှည် တစ်ကိုယ်ရေ ကြီးပွားတိုးတက်မှုအတွက် အကောင်းဆုံးပရိုဂရမ်ပဲလို့ မှတ်ယူစေ ချင်ပါတယ်။

ကွန်ရက်ဈေးကွက် ကုမ္ပဏီကောင်းတစ်ခုဟာ ခင်ဗျားကို လက်တွဲခေါ်သွားပြီး ကြောက်ရွံ့မှုနှင့် ဆုံးရှုံးမှုရဲ့ ဟိုတစ်ဘက်က သာယာလှပတဲ့ဘဝကို လမ်းညွှန်ပေးနိုင်ပါလိမ့်မယ်။ အဲ-ခင်ဗျားက လက်တွဲမခံချင်ရင်တော့ သူတို့ကလည်း တွဲမှာ မဟုတ်ပါဘူး။



mgyoe.com

mgyoe.com SAMPLE BOOK



## ၃။ ဝိညာဉ်ပိုင်းဆိုင်ရာ ပညာရေး

စိတ်ဝင်စားစရာ, စိတ်လှုပ်ရှားစရာကောင်းတဲ့ ဒီခေါင်းစဉ်အကြောင်းမပြောခင်မှာ အရေးကြီးတယ်ထင်ရတဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမြင်ကို အရင်ဦးဆုံး ရှင်းပြပါရစေ။

ကျွန်တော်က 'ဝိညာဉ်ပိုင်းဆိုင်ရာ' ဆိုတဲ့စကားလုံးကို ဘာသာရေးသုံး ဝေါဟာရအဖြစ်က သီးသန့်ခွဲထုတ်ပြီး အသုံးပြုတာဖြစ်တယ်။ ဒီ့အတွက် ခိုင်လုံတဲ့အကြောင်းပြချက်တွေလည်း ရှိပါတယ်။

အခုကာလမှာ ကောင်းတဲ့ ကွန်ရက်ဈေးကွက် ကုမ္ပဏီတွေနှင့် ဆိုးတဲ့ ကွန်ရက်ဈေးကွက် ကုမ္ပဏီတွေရှိသလို၊ ကောင်းတဲ့ဘာသာရေးအဖွဲ့အစည်းတွေနှင့် မကောင်းတဲ့ ဘာသာရေးအဖွဲ့အစည်းတွေလည်း ရှိနေကြတာ တွေ့ရမှာပါ။

ပိုပြီးတိကျအောင် ပြောရရင် 'ဘာသာရေးအဖွဲ့အစည်းတွေမှာ လူတစ်ယောက်ကို ဝိညာဉ်ခွန်အား ပေးစွမ်းနိုင်သူတွေရှိသလို၊ ဝိညာဉ်ပိုင်းဆိုင်ရာအင်အား ချည့်နဲ့စေသူတွေလည်း ရှိနေတယ်'လို့ပါပဲ။

ဒီတော့ ကျွန်တော်ပြောတဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ ပညာရေးဟာ ဘာသာရေးနှင့် ဆိုင်တာကော, မဆိုင်တာကော ပါသွားပါလိမ့်မယ်။ ဒါပေမယ့် ဘယ်ဘာသာရေးဂိုဏ်းကိုမျှ ထိပါးလိုခြင်းမရှိတာ အမှန်ပါ။ ဘာသာရေးနှင့်ပတ်သက်လာရင် လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော် အပြည့်အဝထောက်ခံပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော် ဒီအကြောင်းအရာမှာ သတိထားပြောနေရခြင်း အကြောင်းရင်းကလည်း ငယ်ငယ်တုန်းက

"ဘာသာရေး, နိုင်ငံရေး, လိင်ကိစ္စ, ငွေကိစ္စတွေကို ဘယ်တော့မှ မဆွေးနွေးကြနှင့်"ဆိုတဲ့ သွန်သင်မှု, ပိတ်ပင်တားမြစ်မှု ခံခဲ့ရလို့ပါပဲ။

ဒီကိစ္စတွေဟာ အထိမခံတဲ့သဘောရှိပြီး၊ စိတ်ကို လှုပ်ထတက်ကြွစေတာမို့လည်း အထက်ပါသတိပေးစကားကို အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့ လက်ခံသဘောတူရမှာပါပဲ။

ကျွန်တော့်အနေဖြင့် ကိုယ်ရေးကိုယ်တာပိုင်းယုံကြည်ချက်နှင့် ခံစားမှုတွေကို ကျွန်တော် ထိပါးစော်ကားဖို့ မရည်ရွယ်သလိုပဲ၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်ခွင့်ရှိတာကိုလည်း မကန့်ကွက်ပါဘူး။

## လူ့လောက ကန့်သတ်ချက်ကို ကျော်လွန်၍

လူ့ရဲ့ ဝိညာဉ်စွမ်းအား (စိတ်တန်ခိုး)ဟာ စိတ်ဓာတ်ပိုင်း, ခံစားမှုပိုင်း, ရုပ်ပိုင်းဆိုင်ရာ ကန့်သတ်ချက်တွေကို လွှမ်းမိုးထိုးဖောက်ပြီး တိုးတက်နိုင်တဲ့သတ္တိ ရှိပါတယ်။ ကန့်သတ်ချက်ဆိုတာကလည်း လူတွေရဲ့ဘဝအခြေအနေ အတိုးအယုတ်ကို ပြဋ္ဌာန်းတတ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော် ဗီယက်နမ်စစ်မြေပြင်ကိုရောက်နေစဉ်အချိန်က ဒဏ်ရာ အပြင်းအထန်ရလာတဲ့ လူငယ်လေးတွေ သေရတော့မယ် ဆိုတာ သိပေမယ့် တခြားလူတွေအသက်ရှင်ဖို့ ရဲရဲဝံ့ဝံ့ ဆက်တိုက် ခိုက်ခဲ့ကြတာ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါတယ်။

ကျွန်တော်နှင့် မူလတန်းတုန်းက ကျောင်းနေဖက်သူငယ် ချင်းဟာ ဗီယက်နမ်မှာ ရန်သူ့စစ်ကြောင်းနောက်ဘက်က တစ်ချိန် လုံးနီးပါး ဝင်တိုက်ခဲ့ရာက စကားတစ်ခွန်း ပြောခဲ့ဖူးပါတယ်။ သူ့ စကားက ကျွန်တော့်အယူအဆကို တိကျမှန်ကန်ကြောင်း ထောက်ခံ နေသလိုပါပဲ။

"ငါ ဒီနေ့ အသက်ရှင်နေရတာဟာ ရှေ့ကရဲဘော်တွေ အသေခံ တိုက်ပေးသွားလို့ပဲကွ။ စစ်မြေပြင်မှာ ငါတစ်ယောက်တည်း ကျန်ခဲ့တဲ့ တိုက်ပွဲ ၂ ပွဲတောင် ကြုံဖူးတယ်။ 'မင်းရဲ့ သူငယ်ချင်းတွေ အသက်စွန့်သွားတာကြောင့် မင်း အသက်ရှင်ခဲ့ရတယ်'ဆိုတာ နားလည်သွားရင် မင်းဘဝလည်း ပြောင်းသွားမှာပဲ"

တိုက်ပွဲမဝင်ခင် ညပေါင်းများစွာမှာ ကျွန်တော်က လေယာဉ် တင်သင်္ဘောကြီးရဲ့ဦးပိုင်းမှာထိုင်ရင်းက လှိုင်းတွေ တိုးဖြတ်သွား တာကို ငေးကြည့်နေဖူးပါတယ်။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ပတ်ဝန်းကျင်မှာ အကြာကြီး ထိုင် နေရာက ကျွန်တော့်လိပ်ပြာကို ငြိမ်းချမ်းစွာ အနားပေးခဲ့သလို ဖြစ် ခဲ့ပါတယ်။ မနက်မိုးလင်းရင် သေမင်းနှင့် နောက်တစ်ကြိမ် ထိပ်



mgyoe.com

mgyoe.com SAMPLE BOOK


တိုက်ရင်ဆိုင်ရမယ်ဆိုတာလည်း ကျွန်တော် နားလည်နေတယ်ပေါ့။

ဒီလို တိတ်ဆိတ်စွာ အထီးကျန်နေတဲ့ ညတစ်ညမှာ နောက်တစ်နေ့ သေဖို့ဆိုတာ ကြောက်စရာမရှိတော့သလို၊ သိပ်လည်း မခဲယဉ်းဘူးလို့ သိလိုက်ရပါတယ်။ သေရတာထက် ရှင်နေရတာ ကတောင် အထွေထွေသောအကြောင်းတွေအရ ခက်ခဲပင်ပန်းနေသလိုပါပဲ။

သေရေးရှင်ရေးကိစ္စကို အေးအေးဆေးဆေးထိုင်စဉ်းစားလိုက် မိတာနှင့်တစ်ပြိုင်နက်၊ နောက်တစ်နေ့မှာ အသက်ရှင်ဖို့ ဘယ်လောက် အရေးတကြီးလိုလားအပ်သလဲဆိုတာလည်း ထည့်တွေးမိပြန်ပါတယ်။

တစ်နည်းအားဖြင့် ရဲစွမ်းသတ္တိအပြည့်နှင့် လေယာဉ်မောင်း မလား၊ ဒါမှမဟုတ် ကြောက်ရွံ့ရွံ့နှင့် မောင်းမလားဆိုတဲ့ မေးခွန်း ထွက်လာတာပဲပေါ့။

ကျွန်တော် စိတ်ကြိုက်ရွေးချယ်လိုက်တဲ့နောက် ကျွန်တော့်ရဲ့ လူ့စိတ်ဓာတ်ကို နောက်တစ်နေ့အထိမြှင့်တင်ပြီး ဘာပဲဖြစ်ဖြစ် မမှု တမ်းစွမ်းအားရှိသရွေ့ အစွမ်းကုန်ပျံသန်းတိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက် မိပါတော့တယ်။

စစ်ဆိုတာ ကြောက်စရာ ဆိုးဝါးတဲ့အနိဋ္ဌာရုံတစ်ခုပါပဲ။ တစ်ယောက်က တစ်ယောက်ကို ကြောက်လန့်ချောက်ချားအောင် ရက်စက်တာဟာ စစ်ပဲပေါ့။ သို့သော်လည်း စစ်ဖြစ်နေစဉ်အတွင်း မှာ လူသားအဆန်ဆုံးလုပ်ရပ်တွေလည်း မြင်ခဲ့ရပါတယ်။ စစ် အတွင်းမှာပဲ လူ့အရည်အသွေးကန့်သတ်ချက်တွေကို ကျော်လွန်တဲ့


mgyoe.com

mgyoe.com SAMPLE BOOK



လူ့စွမ်းအားတွေ တစ်ပုံကြီးရှိကြောင်းလည်း သိရှိခဲ့ရပါတယ်။ ကျွန်တော်တို့အားလုံးမှာ ဒီအရည်အချင်းစွမ်းအားတွေ ရှိထားကြသလို၊ ခင်ဗျားမှာလည်း ရှိနေတယ်ဆိုတာ ကျွန်တော် သိပါတယ်။

မင်္ဂလာသတင်းကတော့ ဒီစွမ်းအားတွေရှိကြောင်းသိမြင်ဖို့ စစ်ထဲဝင်စရာ မလိုတာပါပဲ။

တစ်နေ့ မသန်မစွမ်း လူငယ်မောင်မယ်လေးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ စိန်ခေါ်ပြေးပွဲတစ်ခုကို သွားကြည့်ရင်းက ဒီစိတ်ဓာတ်မျိုးရဲ့ ထိတွေ့ ပွေ့ဖက်ခြင်းကို ခံလိုက်ရဖူးပါတယ်။

လူငယ်တွေဟာ ခြေအတုတွေနှင့် မီတာ ၁၀၀ ပြေးပွဲကို အားသွန်ခွန်စိုက် ပြေးကြတာမြင်ပြီး ကျွန်တော် ဘဝင်ခိုက်သွားရတာကလား။

ကျွန်တော်ဟာ ခြေထောက်တစ်ဘက်တည်းနှင့် စိတ်ခွန်အားထည့်ပြီးပြေးနေတဲ့ မိန်းမပျိုလေးတစ်ယောက်ကို ကြည့်ပြီး မျက်ရည်တောင် လည်ခဲ့မိပါတယ်။

မိန်းမလေးရဲ့ မျက်နှာလေးမှာ ခြေတုတပ်ထားရလို့ နာကျင်တဲ့ ဒဏ်ကို ကြိတ်မှိတ်ခံစားနေရပုံ ပေါ်နေတယ်။ ဒါပေမယ့် ရုပ်ပိုင်းဆိုင်ရာနာကျင်မှုဝေဒနာဟာ သူ့ရဲ့ စိတ်ဓာတ်စွမ်းအားနှင့် ဘာမျှမဆိုင်သလိုပါပဲ။ သူဟာ ပြိုင်ပွဲမှာ အနိုင်မရလိုက်ပေမယ့် ကျွန်တော့်နှလုံးသားကိုတော့ အနိုင်ရသွားပါပြီ။

သူက ကျွန်တော့်ရဲ့ လူသားစိတ်ဓာတ်ကို လှုပ်နှိုးပြီး ကျွန်တော် မေ့နေတာကို သတိပေးလိုက်တာပါကလား။



mgyoe.com

mgyoe.com SAMPLE BOOK


တစ်ချိန်တည်းမှာပဲ ဒီလူငယ်အားလုံးဟာ သူတို့အတွက် သူတို့ပြေးသလို၊ ကျွန်တော်တို့အားလုံးအတွက်ပါ အားမာန်အပြည့်နှင့် ပြေးပြခဲ့တာပဲလို့လည်း နားလည်လိုက်ရပါတယ်။

သူတို့က ကျွန်တော်တို့ကိုယ်ထဲမှာ သိုလှောင်ထားတဲ့ စွမ်းအားတွေရှိကြောင်း ဖော်ထုတ်သတိပေးတဲ့အနေဖြင့် နမူနာပြပြီး ပြေးခဲ့ကြတာပဲ မဟုတ်ပါလား။

ရုပ်ရှင်ကားတွေထဲမှာလည်း လူပီသတဲ့စိတ်ဓာတ်ကို အံ့မခန်းတွေ့ရှိကြရပါတယ်။

Brave Heart ဆိုတဲ့ ရုပ်ရှင်ထဲမှာ မဲလ်ဂစ်ဆင်ဟာ စုတ်ပြတ်ပေကျံနေတဲ့ သူ့ရဲ့စကော့လယ်သမားတပ်ကြီးရှေ့ကနေ ဦးဆောင်ချီတက်ခဲ့ပုံဟာ အင်အားကြီးမားလှတဲ့ ဗြိတိသျှစစ်တပ်ကြီးကို မျက်လုံးပြူးသွားစေခဲ့သလို၊ သူ့ရဲ့ ဝိညာဉ်အော်သံတွေဟာ ရန်သူတွေကို လန့်ဖျပ်တုန်လှုပ်သွားစေခဲ့ပါတယ်။

"သူတို့ဟာ တို့ရဲ့ရုပ်ခန္ဓာတွေကို သတ်ဖြတ်ပစ်နိုင်ပေမယ့် ငါတို့ရဲ့ လွတ်လပ်ရေးကိုတော့ လုယူလို့ရမှာ မဟုတ်ဘူးဟေ့"တဲ့။

အဲဒီအချိန်မှာ မဲလ်ဂစ်ဆင်ဟာ သူ့တပ်ကို လူ့စိတ်ဓာတ်အပြည့်နှင့် ပြောခဲ့တာပါ။ တစ်ဘက်ကလည်း တပ်သားတွေရဲ့ စိတ်ဝိညာဉ်ကို ဆုပ်ကိုင်ထားတယ်။ စစ်ရေးလေ့ကျင့်မှုမရှိဘဲ လက်နက်အင်အား မမျှလို့ ကြောက်ရွံ့စိုးထိတ်မှုနှင့် သံသယတွေဝင်နေတဲ့ ခံစားချက်တွေကို အနိုင်တိုက် ဖျောက်ဖျက်ပစ်နိုင်လိုက်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


သူက သူ့ရဲဘော်တွေကို နှိုးဆွလှုံ့ဆော်ပြီး ကမ္ဘာပေါ်မှာ အင်အားအကြီးမားဆုံး စစ်တပ်ကြီးကို အံတုအနိုင်ယူစေခဲ့တာလည်း ဖြစ်ပါတယ်။

လူတွေရဲ့ စိတ်ဓာတ်ကို ကိုင်လှုပ်နိုင်အောင် ပြောနိုင်တဲ့အစွမ်းကို ကွန်ရက်ဈေးကွက်မှာ အောင်မြင်တဲ့ ခေါင်းဆောင်တွေက လေ့ကျင့်သားရပြီးဖြစ်နေတာကို ကျွန်တော် သတိပြုမိပါတယ်။

ခေါင်းဆောင်ကောင်းတွေမှာ လူတွေရဲ့ကိုယ်ထဲက ကြီးမားတဲ့ စွမ်းအင်တွေကို ဆုပ်ဖမ်းပြီး လူသားတွေ ကန့်သတ်ချက်တွေကို ကျော်လွန်သွားအောင် မြှင့်တင်တွန်းပို့နိုင်တဲ့ အရည်အချင်းတွေ ရှိတယ်။ ဒါဟာ ဘဝပြောင်းမယ့် ပညာရေးရဲ့ စွမ်းအားပါပဲ။

သင်ကြားမှု ပိရမစ်ပုံကိုကြည့်ရင် လူတွေဟာ သူတို့ရဲ့ ဗိဉာဉ်စွမ်းအား၊ (ဝါ) စိတ်တန်ခိုးပိုင်းနှင့် လှုပ်ရှားရွေ့လျားနေတာဖြစ်ပြီး၊ ခံစားမှုပိုင်း, စိတ်ပိုင်းနှင့် မဟုတ်တာလည်း တွေ့ရပါလိမ့်မယ်။

## စိတ်ဓာတ်
## ပိုင်းဆိုင်ရာ ဆက်
## သွယ်ရေး


ယေဘုယျအားဖြင့် စိတ်ပိုင်းဆိုင်ရာ သင်ကြားမှုတစ်ခုတည်းနှင့်တော့ ဘာမျှ များများစားစားဖြစ်လာစရာ မရှိပါဘူး။

ဥပမာ–ကျွန်တော်တို့ပြောနေကျစကားတွေ ရှိတယ်လေ။


mgyoe.com

mgyoe.com SAMPLE BOOK






"ရှေ့အပတ်မှာ ငါ ဝိတ် စ,ချတော့မယ်ကွ"

ဒါပေမယ့် စိတ်ထဲသာ ရှိတာ။ တကယ်တမ်းမှာ ကိုယ်အလေးချိန်က တက်မြဲ တက်နေတာပဲကလား။ သို့တည်းမဟုတ်

"နောက်လကျရင် ငါ ဒီ့ထက်ပိုပြီး ရောင်းပြမယ်"

ဒါမှမဟုတ်

"လာမယ့် လခထုတ်တာနှင့် ငွေစုတော့မယ်"

ပြောသမျှ ဘာတစ်ခုမျှ အရာမထင် အကောင်အထည် ပေါ်မလာတတ်ကြပါဘူး။

အဲ့သလိုပြောတိုင်း မဖြစ်တာ, ဘယ်လိုမျှ မပြောင်းလဲနိုင်တာကို အရင်းစစ်လိုက်ရင် စိတ်ပိုင်းဆိုင်ရာတစ်ခုတည်းသာ လုပ်



mgyoe.com


mgyoe.com SAMPLE BOOK



ဆောင်လို့ပါပဲ။ ကိစ္စအတော်များများမှာ တကယ်အမှန်အကန် ပြောင်းလဲဖို့က ဘက် ၄ ဘက်, ထောင့် ၄ ထောင့်စလုံး ညီညွတ်ဖို့, အားပြည့်ဖို့ လိုအပ်ပါတယ်။

**ခံစားမှုအ**

**ရ ဆက်သွယ်ရေး**




ခံစားမှုပိုင်းအရ ဆက်သွယ်ခြင်းကို 'စိတ်ဇောအရ ဆက်သွယ်ခြင်း'လို့လည်း ခေါ်ကြပါတယ်။ အဲ့ဒီအဓိပ္ပာယ်က စကားလုံးတွေထက် စိတ်လှုပ်ရှားမှုကို ပိုအားပြုပြီး ဆက်သွယ်တာလို့ ဆိုလိုတာပေါ့။ ဥပမာပြရရင် ကျွန်တော်တို့တစ်ပြုကြီး အခန်းတစ်ခန်းထဲ



mgyoe.com

mgyoe.com SAMPLE BOOK



ဝင်သွားကြရာမှာ လူတစ်ယောက်က စကားတစ်ခွန်းမပြောမချင်း တစ်ယောက်ယောက်တော့ တို့ကို စိတ်ဆိုးနေပြီလို့ ထင်ပြပ်ခံစားရတဲ့ သဘောပါပဲ။

စိတ်ဓာဂယက်ထန်တဲ့ ဆက်သွယ်မှုဟာ Tuning Fork ဆိုတဲ့ တူရိယာခက်ရင်း ၂ ချောင်းကိုတီးခတ်လို့ ပဲ့တင်သံတွေ ထွက်တာနှင့် မခြားပါဘူး။ တုန်ခါနှုန်း(ဖရီကွင့်စီ)တွေ တူနေပြီဆိုရင် တစ်ချောင်းကို သွားတီးလိုက်တာနှင့် ပဲ့တင်သံတွေ ရိုက်ခတ်ပြီး၊ ဒုတိယတစ်ချောင်းလည်း သူ့အလိုလိုတုန်ခါကာ ပဲ့တင်သံတွေ ထွက်လာတာ တွေ့ရပါလိမ့်မယ်။

ဒီသဘောတရားအရ ကျွန်တော်တို့ ကြောက်လန့်တုန်လှုပ်နေရင် တခြားလူတွေကိုလည်း ဓာတ်ကူးသွားသလို ကြောက်လန့်တုန်လှုပ်သွားစေနိုင်ပါတယ်။

ကျွန်တော်တို့ ချာတိတ်ဘဝက "ဒီကောင့်ဆီက မကောင်းတဲ့ အပုပ်နံ့တွေ ငါ့ကို ကူးခံရတာ"လို့ ပြောခဲ့ကြတာ မှတ်မိပါသေးတယ်။ ဒါဟာလည်း စိတ်ဓာ မနောအာရုံအရ ဆက်သွယ်ခြင်း (ခံစားမှုပိုင်းအရ ဆက်သွယ်ခြင်း)ရဲ့ ပြယုဂ်ပါပဲ။

ကွန်ရက်ဈေးကွက် ကုမ္ပဏီတစ်ခုရဲ့ ကြီးကျယ်တဲ့ ပညာရေးစီမံကိန်းမှာ ပါဝင်လေ့ကျင့်ခွင့်ရတဲ့ ဧရာမကြီးမားတဲ့ တန်ဖိုးတစ်ခုကတော့ ခံစားမှုပိုင်းဆိုင်ရာကန့်သတ်ချက်တွေကို ကျော်လွန်နိုင်တဲ့ စွမ်းအားသတ္တိတွေ တိုးပွားလာပြီး လူသားစိတ်ဓာတ်ဖြင့် ပြောဆိုတတ်လာပါလိမ့်မယ်။




mgyoe.com

mgyoe.com SAMPLE BOOK



# ရုပ်ပိုင်းဆိုင်
# ရာ ဆက်သွယ်ခြင်း




ကျွန်တော်တို့ တွေ့ဖူးသမျှ လူတွေအားလုံးဟာ ရုပ်ပိုင်းအားဖြင့်ဆွဲဆောင်မှုကို တိမ်းညွတ်ကြပါတယ်။

ထို့အတူပဲ သူတို့ရဲ့ ရုပ်လက္ခဏာကိုမြင်ရုံနှင့် နှစ်မြို့ဖွယ်မရှိလို့ အပယ်ခံထားရတဲ့ လူတွေလည်း အများကြီးပါ။ ရုပ်ပိုင်းဆိုင်ရာဆက်သွယ်မှု (အမြင်အားဖြင့် ဆက်သွယ်မှု)ဟာ လူတစ်ယောက်ရဲ့ အသွင်အပြင်ပေါ်မှာ မူတည်ပြီး၊ ပထမတစ်ကြိမ် တွေ့လိုက်တာနှင့်ပဲ ဆက်သွယ်မှုအားလုံးကို ဩဇာလွှမ်းမိုးသွားတော့တာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK



လူနှင့် လူချင်း စစ်မှန်တဲ့ဆက်သွယ်ရေးကို လေ့လာချက်များအရ ခန့်မှန်းခြေအားဖြင့်

- စကားလုံး ၁၀ ရာခိုင်နှုန်း
- ခံစားမှု ၃၅ ရာခိုင်နှုန်း
- အမြင်(ရုပ်သွင်) ၅၀ ရာခိုင်နှုန်း
- အထွေထွေ ၅ ရာခိုင်နှုန်း ပါဝင်တယ်လို့ ဆိုကြပါတယ်။

တစ်နည်းပြောရရင် လူတစ်ယောက်အနေဖြင့် ဘယ်ပုံစံထွက်နေပြီး၊ ဘာနှင့် တူနေမလဲ။

မျက်မှောင်ကုတ်နေသလား၊ နုံးခွေနေသလား၊ အဝတ်အစားတွေ ကပိုကရို ဖြစ်ကတတ်ဆန်း ဝတ်လာသလား၊ စုတ်ပြတ်သတ်နေသလား။ ပုံစံအားလုံးက ဆက်သွယ်ရေးမှာ အကျုံးဝင်နေပြီး သက်ရောက်မှုတွေ ပေးပါလိမ့်မယ်။

အထက်ဖော်ပြပါ အချိုးအစားတွေဟာ အကြမ်းဖျင်းခန့်မှန်းခြေတွေဖြစ်ပေမယ့်၊ လူလူချင်းဆက်ဆံရေးကို ပိုအဆင်ပြေတဲ့ လမ်းညွှန်ချက်တွေလို့ ဆိုနိုင်ပါတယ်။

နာမည်ကြီး ကွန်ရက်ဈေးကွက်ကုမ္ပဏီကြီးတွေဟာ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်ပုံပန်းတွေသားနားအောင် အချိန်တွေအကုန်ခံပြီး ပြုပြင်ပေးတတ်ပါတယ်။ ကုမ္ပဏီတစ်ခုမှာဆိုရင် ကိုယ်အလေးချိန်လျှော့ချဖို့ ကာယလေ့ကျင့်ခန်းအစီအစဉ်တွေတောင် ပေးထားပါသေးတယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ကျန်းမာသန်စွမ်းမှုနှင့် ရုပ်ဆင်းလက္ခဏာအရ ဆွဲဆောင်မှု ရှိတာတွေဟာ ဆက်ဆံရေးကဏ္ဍမှာ ပိုပြီး အားကောင်းတာကို ကုမ္ပဏီခေါင်းဆောင်တွေက နားလည်ကြတယ်လေ။

ရုပ်ပိုင်းဆက်သွယ်ရေး ဘာသာရပ်မှာ အချက် ၂ ချက်ကို အဓိက တင်ပြချင်ပါတယ်။

ပထမအချက်က ကျွန်တော်တို့ လူတွေနှင့် ဆုံတွေ့ဆက်ဆံကြရာမှာ တချို့ဟာ အပြင်သရုပ်အနေဖြင့် ဆွဲဆောင်မှုတွေရှိပေမယ့် အတွင်းပိုင်းမှာ ပုပ်သိုးနေမှုတွေ ရှိနေကြတာပဲ ဖြစ်ပါတယ်။

ပြီးတော့လည်း မြင်မြင်ချင်း မျက်နှာလွှဲပစ်ချင်လောက်အောင် အရုပ်ဆိုးအကြည့်တန် နုံချာစုတ်ပြတ်နေတဲ့လူတွေဟာလည်း မနော ဖြူသဘောကောင်း နှလုံးလှတဲ့ တကယ့်လူတော်လူကောင်းတွေ ဖြစ်နေတာ နောက်ကျမှသိရတာမျိုးလည်း ကြုံဖူးပါရဲ့။

ဘာပဲဖြစ်ဖြစ် ဆိုလိုရင်းကတော့ တွေ့တွေ့ချင်းမှာ အခွင့်အလမ်းက တစ်ကြိမ်ပဲရတာမို့ ရုပ်ပိုင်းဆိုင်ရာဆက်သွယ်ရေးဟာ သိပ်အရေးကြီးပါတယ်လို့။

ဒုတိယအချက်ကတော့ ဒီလိုပါ။ မကြာခဏဆိုသလိုပဲ လူတွေက ကျွန်တော့်ကို သူတို့လုပ်ငန်းမှာဝင်ကူညီဖို့ လာပြောတတ်ကြပါတယ်။ ကျွန်တော်ကလည်း သူတို့ကို ကူညီမယ်လို့ သဘောတူလိုက်တာနှင့် မေးခွန်းတစ်ခု အရင်မေးလိုက်တာပါပဲ။

"ခင်ဗျား အပြောင်းအလဲလုပ်နိုင်တဲ့ဆန္ဒ ရှိသလား။ ပျော့ပျောင်းတဲ့စိတ် ထားနိုင်မလား"



mgyoe.com